# စာရေးလာတဲ့ပေးစာ

**အယ်ဒီတာထံပေးစာ–**

ကျနော်တို့လဲချား (လိုင်းခ) မြို့ဟာရှေးပဝေသဏီကတည်းက ဗုဒ္ဓဘာသာသာသနာထွန်းကားတဲ့မြို့၊ ပညာရှိအမြောက်အများ ပေါ်ထွန်းလာခဲ့တဲ့ သမိုင်းဝင်မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၉၇ နောက်ပိုင်း လိုင်စင်ရခါးပြအဖွဲ့ နအဖ စစ်တပ်က ရွာသူရွာသားတွေကို အဓမ္မနေရာရွှေ့ပြောင်းခိုင်းမှု၊ ရွာတွေကိုမီးရှို့ဖျက်ဆီးမှုတွေ အစဉ်တစိုက်ပြုလုပ်ခဲ့ပါတယ်။ ကျူးကျော်သူတိုင်းတပါးက လာနှိပ်စက်မောင်းထုတ်သတ်ဖြတ်တယ်ဆိုရင် ကမ္ဘာကိုဟစ်ကြွေးတိုင်တည်ပြီး ဆန့်ကျင်တော်လှန်လို့ကောင်းသေးတယ်။ အခုတော့ ၂၀၀၆ ဇူလိုင်လက နအဖစစ်တပ်ဆီလက်နက်ချသွားတဲ့ တပ်မဟာ ၇၅၈ ဒု–ဗိုလ်မှူးကြီး မိုင်းစင့်အဖွဲ့ဟာ နအဖတပ်နဲ့ပေါင်းပြီး ဒေသခံပြည်သူတွေကို တခါဖိနှိပ်ချုပ်ခြယ်နေတာ လူကြားလို့မှကောင်းသေးရဲ့လားဗျာ။ ကျနော်တို့ဘယ်သူ့ကိုသွားတိုင်ရမလဲ။ သူခိုးကိုဓါးရိုးကမ်း အမျိုးကိုသစ္စာဖေါက်လက်ကိုင်တုတ်ပုဆိန်ရိုး မိုင်းစင့်တို့အဖွဲ့ဟာ ကျနော်တို့ ကျေးလက်ပြည်သူတွေကို ဖိနှိပ် ပိပြားအောင်လုပ်နေတာ နအဖ တပ်နဲ့ သူလိုငါလိုပါပဲ။

၄၊၁၊၂၀၀၇ က တပ်မဟာ ၇၅၈ မိုင်းစင့်အဖွဲ့ဟာ နအဖစစ်တပ်နဲ့ပူးပေါင်းပြီး မိုင်းကိုင်မြို့နယ် ယန်းလွယ်ကျေးရွာအုပ်စု အနီးမှာ သျှမ်းသူပုန်အဖွဲ့ကို အလစ်ဝင်ရောက်ပစ်ခတ်ခဲ့တယ်။ နှစ်ဘက်စလုံးအကျအဆုံးတွေရှိတယ် လို့ကြားရတယ်။ သျှမ်းတပ်ဖက်က ဗိုလ်တယောက်လဲကျတယ်လို့ပြောတယ်။ မျက်နှာလိုမျက်နှာရ မိုင်းစင့်က သူ့အဖွဲ့ကပစ္စတိုသေနတ်နဲ့ သျှမ်းတပ်ကကျသွားတဲ့ ဗိုလ်လင်းအောင်ရဲ့သေနတ်ပါဆိုပြီး နအဖ စစ်ဗိုလ်ဆီ လိမ်ညာ အပ်ပေးခဲ့သေးတယ်။ ဒါတင်မက သျှမ်းသူပုန်ဘက်က ဒု–ဗိုလ်မှူးကြီးပေါင်ခေးလဲ တိုက်ပွဲမှာကျသွားပြီလို့ လိမ်ညာသတင်းဖြန့်ခဲ့သေးတယ်။ တကယ်တမ်းကျတော့ ဒု–ဗိုလ်မှူးကြီးပေါင်ခေး ခုထက်ထိသက်ရှိ ထင်ရှားရှိနေတုံးပဲ။

အခုလည်း ဒေသခံ နအဖ စစ်တပ်က ဆင့်ဆိုခိုင်းလို့ မိုင်းစင့်ဟာ ၉၊ ၃၊ ၂၀၀၇ နေ့က လဲချား(လိုင်းခ)မြို့နယ် နားပွဲကျေးရွာ အုပ်စုကရွာသားတွေကို ဝမ့်နမ့်ဟူးဖရားထမ့် မှာရှိတဲ့ ဂူဘုရားအနီးမှာ တပ်စခန်းအသစ်ထပ်ဆောက်ပေးဖို့ ဆင့်ဆိုခဲ့ပြန်တယ်။ ကျေးရွာ ၇ ရွာ ၈ ရွာ ကရွာသားတွေ သစ်၊ ဝါးခုတ် ၊ ကျင်းတူး စတာတွေ ၂ပတ်ကျော်နေ့တိုင်းသွားလုပ်ပေးရတယ်။ အဲဒီမတရားတဲ့အမိန့်အာဏာကြောင့်လားမသိဘူး။ ချက်ခြင်းပဲ ဂူဘုရားကသဘာဝရေထွက်မှာသွေးရောင်လိုညိုညစ်ညစ်နောက်ကျိလာတယ်။ အဲဒါ တောတောင်စောင့်နတ်တွေ မကြိုက်လို့ဖြစ်တာလို့ သက်ကြီးရွယ်အိုတွေက ပြောကြတယ်။ ဒါပေမဲ့ ဒင်းတို့ အုပ်စုကဂရုမစိုက်ကြဘူး။ မနှစ်ကလဲ ရွာသားတွေကို နအဖ တပ်ရဲ့ စခန်းအသစ်ဆောက်ခိုင်းခဲ့သေးတယ်။ သူတို့ဘာမှ ဂရုမစိုက်လို့ မနှစ်က နအဖ တပ်သားတချို့ဗိုက်နာပြီးသေသွားကြတယ်။ နောက်ပိုင်း အဲဒီတပ်စခန်းအသစ်မှာမနေရဲလို့ သူတို့ထွက်ပြေးကြရတယ်။ ဒီနှစ်လည်းထပ်ဆောက်ခိုင်းနေပြန်ပြီ။ နတ်တွေကတောင် သူတို့ကို သတိပေးဆုံးမလို့မရဘူးဆိုတော့ သူတို့ကို ဘယ်သူက ဆုံးမနိုင်တော့ မှာလဲဗျာ။

လိုင်းခမှ စိုင်းနန္ဒ
ခေတ္တ မယ်ဆိုင်

စာမျက်နှာ ၄ မြန်မာ့အလင်း ၂၆-၅-၉၈

**အာဏာစိတ်ကူးတဲ့ အရူးအိပ်မက်**







Photo: Website

# စစ်အာဏာရှင်တို့၏အမြင်

"နိုင်ငံရေးသဘောကွဲလွဲမှုသည် ဒီမိုကရေစီ သဘောမျှသာ ဖြစ်ပါလျက် ရာဇဝတ်မှုအဖြစ်အရေးယူခြင်းမှာ ဥပဒေလက်လွတ်လုပ်ရာရောက်ပါသည်။ ထို့ပြင် တရားစွဲဆိုခြင်းခံရသူများသည်လည်း မိမိတို့စိတ်ကြိုက် ရှေ့နေငှါးရမ်းခွင့်မရခြင်း၊ တံခါးပိတ်တရားစီရင်ခြင်း၊ သမိုင်းတွင်မကြုံ ဖူးလောက်အောင် နှစ်ပေါင်းရာချီ၍ အပြစ်ပေးခြင်း၊ ၄င်းတို့အနက် ဦးမြင့်သန်းသည် ထောင်တွင်းညှဉ်းပန်းခံရသောဒဏ်ဖြင့် သေဆုံးခဲ့ရခြင်း တို့မှာအငြိုးဖြင့်ပြုလုပ်ကြောင်း ထင်ရှားလှပါသည်။ မဟာဗမာ လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်တို့၏ ဒဏ်ခံခဲ့ရခြင်း ဟုခံစားရပါသည်။"



Photo: SHAN

ဗိုလ်ချုပ်ဆေထင်



Photo: SHAN

ခွန်ထွန်းဦး နှင့် စိုင်းညွန့်လွင်

## လက်ရှိအခြေအနေနှင့် နောက်အလားအလာ

ယခင်ချမှတ်ပြီးသောအခြေခံမူ(၁၀၄)ချက်သည်ပန္နက်ရိုက်ခြင်း၊ အိမ်မကြီးကိုဆောက်ခြင်း၊ အခန်းဖွဲ့ခြင်း စသော အဓိကပင်မလုပ်ငန်းဖြစ်ပါသည်။ ယခု ဩောင်နှစ်ပင်ညီလာခံ ဆက်လက်ကျင်းပနေသည်မှာ ပြူတင်းတံခါးတပ်ဆင်ခြင်း၊ ရေသွယ်ခြင်း၊ မီးဆင်ခြင်း စသော သာမန်လုပ်ငန်းမျှသာဖြစ်ပါသည်။ ဤပုံစံအတိုင်း ဆက်သွားခဲ့လျှင် (ဆက်သွားရန်လည်းအလားအလာရှိရာ) ကျနော်တို့ နိုင်ငံသားများသည် နှစ်(၄၀)ကျော် ယာယီစစ်အစိုးရလက်အောက်မှလွတ်မြောက်ပြီး နောက်ထပ်နှစ်ပေါင်း(၄၀၀) မျှ အမြဲတမ်းစစ်အစိုးရလက်အောက်တွင် ခံကြရဦးမည် ဟုတွေးမြင်မိပါသည်။ အင်္ဂလိပ်ဥပမာလို ဒယ်အိုးထဲတွင်ပူ၍ မီးပုံထဲသို့ခုန်ချခြင်း ဟုခံစားမိပါသည်။ ကျနော်တို့ ဗမာတွေ (စာမရိ) မျိုးမှ (စာကလေး) မျိုးသို့ ရောက်မှန်းမသိ ရောက်နေပါပြီ။ ဒို့ဗမာသီချင်းထဲကလို (ဒို့ခေတ်တွင်မှ ညံ့ကြတော့မှာလား) ဟု ညည်းညူရပါတော့မည်။

ရှေးခေတ်ဗမာများသည် အခက်အခဲကြုံလျှင် သိကြားနတ်များကို တိုင်တည်၍ အကူအညီတောင်းတတ်ကြသလို ယခုခေတ် ဗမာများသည်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကို **ကယ်ပါယူပါ** ဟုအကူအညီတောင်းခံနေရပါပြီ။ စစ်အစိုးရ ဘယ်လောက်တောင့်ခံနိုင်မှာလဲ?။ လုံခြုံရေးကောင်စီ ဘယ်လောက်ကူညီနိုင်မှာလဲ?။ အလွန်ရင်လေးဖွယ်ရာအခြေအနေဆိုးကြီးဖြစ်ပါသည်။

ယခု ညီလာခံသို့ တက်ရောက်နေကြသော ကိုယ်စားလှယ်တော်ကြီးများသည် တိုင်းပြည်ကြီးချောက်ထဲကျရန် မိမိတို့က တစ်တပ်တစ်အားအဖြစ် ပါဝင်ကူညီနေကြရသည်။ သမိုင်းတရားခံဖြစ်မှန်းမသိဖြစ်နေကြရသည်ကို အချိန်မှီသတိရကြ၍ ညီလာခံကြီးမှထွက်ခွါလာလျှင်ကောင်းလိမ့်မည်ဟု စိတ်ကူးယဉ်စရာဖြစ်၏။သို့သော်ဖြစ်လာလိမ့်မည်မထင်ပါ။ နောင်မှ သမိုင်းတရားခံဖြစ်ခါမှဖြစ်ရော ယခု အကျိုးရှိဖို့ကပို၍အရေးကြီးလိမ့်မည် ဟုထင်ကြပေမည်။ တိုင်းပြည်နှင့်လူမျိုးကိုချစ်၍အသက်ကိုစွန့်ပြီးတိုက်ပွဲဝင်ခဲ့ကြပါသည် ဟုဆိုသောငြိမ်းချမ်းရေးအဖွဲ့ဝင်များသည်လည်း ...

(၁) ညီလာခံသို့တက်ကြမည်၊
(၂) လက်ရှိစစ်အစိုးရနေရာတွင် အရပ်သားအစိုးရ အမြန်တက်လာနိုင်ရေးကို အဓိကထားမည်၊
(၃) မိမိတို့ပြုပြင်လိုသော ကိစ္စများကို အရပ်သားအစိုးရ တက်လာမှ ဆက်လုပ်ကြမည် ... ဟူသော မိမိတို့မူလက

စိတ်ကူးယဉ်မျှော်မှန်းထားချက်များသည် လက်ရှိရေးဆွဲပြီးသော လမ်းညွှန်မှုများအရ၊ ၄င်းမျှော်မှန်းထားချက်အတိုင်း ဖြစ်မလာနိုင်တော့ကြောင်း သဘောပေါက်သိရှိနိုင်ကြပြီထင်ပါသည်။ ၁၉၄၇ ခုနှစ်က တိုင်းရင်းသားကိုယ်စားလှယ်များသည် သမိုင်းတွင်တရားခံဖြစ်လိမ့်မည်ဟု ကြိုတင်မသိနိုင်သောကြောင့် နောက်ပိုင်းတွင် တရားခံဖြစ်မှန်းမသိဖြစ်ခဲ့ကြရသည်။ယခုအခြေအနေတွင်ထိုသို့သမိုင်းတရားခံဖြစ်မည်မှန်းကြိုတင်သိရှိနိုင်ကြသော မိမိတို့ဘဝအခြေအနေကိုသိ၍ ညီလာခံမှ အချိန်မီထွက်ခွါလာနိုင်လျှင် ကောင်းလိမ့်မည်ဟု မျှော်မှန်းမိပါ၏။ သို့သော် ဖြစ်လာလိမ့်မည် ဟုမထင်ဝံ့ပါ။ ရေစုံမျှောလိုသော စိတ်ထားကသာ လွှမ်းမိုးသွားလိမ့်မည်ထင်ပါသည်။

တိုင်းပြည်၏ကံကြမ္မာ၊ မိမိတို့လူမျိုးများ၏ကံကြမ္မာသည် အဆုံးစွန်သောဘဝသို့ရောက်နေပြီ၊ ချောက်ထဲကျရန် လက်နှစ်လုံးမျှလောက်သာလိုတော့သောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဝမ်းနည်းကြေကွဲစွာတွေ့မြင်ရပါသည်။❑

**ရှမ်းပြည်ဝါရင့်နိုင်ငံရေးသမားကြီး ဦးရွှေအုံး၊ (၁၁၁၊၂၀၀၆)**

# တိုင်းရင်းသားများ၏ အဆင့်နေရာ

❑ “ဒုတိယတန်းစား သို့မဟုတ် အနိမ့်ခံ သို့မဟုတ် အာဏာမဲ့ လူမျိုးများမှာ မိမိတို့ဘာသာစကား၊ စာပေများကို မိမိတို့ဒေသအတွင်း တရားဝင်ရုံးသုံးဘာသာအဖြစ် အသုံးပြုခွင့်မရှိ။ အစိုးရစာသင်ကျောင်း များတွင် တရားဝင်သင်ကြားခွင့်မရှိဖြစ်နေရသည်။ ထိုသို့တရားဝင်သုံးစွဲ ခွင့်မပြုခြင်းသည် အရာတစ်ခုကိုတန်ဖိုးမဲ့ အောင်လုပ်လိုက်ခြင်းဖြစ်သည်။ တန်ဖိုးမဲ့သောပစ္စည်းတစ်ခုကို မည်သူတို့က ကြာကြာထိန်းသိမ်းကြမည်နည်း။ တနည်းအားဖြင့် မိုးထဲရေထဲ မြောင်းထဲသို့ပစ်ချစေပြီး အလိုလိုဆွေးမြေ့ပျက်စီးသွားစေရန် ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။ ဘာသာစကား၊ စာပေ၊ မရှိတော့သော လူမျိုးတစ်မျိုးသည်ဘာဖြစ်သွားမည်နည်း။”

❑ “အတိတ်ကို မလေ့လာပါက ပစ္စုပ္ပန်မှာ မှန်ကန်အောင် လုပ်ဆောင်နိုင်မည်မဟုတ်။ ထို့အတူ ပစ္စုပ္ပန်တွင်ရင်ဆိုင်နေရသော အခက်အခဲများ၊ ဘဝနိမ့်ကျမှုများ မပြည့်စုံမှုများကိုစိတ်ကုန်ပြီး ထိုင်ငြီးနေ၍လည်းဘာမျှထူးလာမည်မဟုတ်။ အခက်အခဲပေါင်းစုံကြားမှ အနာဂတ်အတွက်အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်မှာ လူသားတို့၏တာဝန်ဖြစ်သည်။သို့မှသာအနာဂတ်တွင်ကျွန်ုပ်တို့ဘဝ၊ ကျွန်ုပ်တို့ သားသမီး၊ ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၊ ကျွန်ုပ်တို့နိုင်ငံသည် ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိနိုင်ပါလိမ့်မည်။”




❑ “လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား လူဦးရေအရ ကွာချင်ကွာမည်။ သို့သော် လူမျိုးဆိုသည့်ယူနစ်အရကြည့်ပြီး အတူတူဖြစ်သည် ဆိုသည့်သဘောထားကိုလက်ခံနိုင်မည်ဆိုလျှင် လူမျိုးရေးအရ ပြဿနာရှိတော့မည်မဟုတ်ပေ။ ဆွစ်ဇာလန်နိုင်ငံတွင် ဆွစ်လူမျိုး 83.5% ရှိပြီး၊ ကျန်လူမျိုးအားလုံးပေါင်းသည် 16.5% သာရှိသည်။ သုံးစွဲသောဘာသာစကားမှာ ဂျာမန် 69% ၊ပြင်သစ် 20 % ၊အီတလီ 10 % ၊ရိုမင် 1% ၊ဖြစ်ရှိနေသော်လည်း လူမျိုးရေးအရ ပြဿနာမရှိ။ ဘာသာစကား ၄ မျိုးစလုံးကို တရားဝင်အသိအမှတ်ပြုထားသည်။ ဆိုဗီယက်ယူနီယံခေတ်ကာလတွင် ရုရှားနှင့် အက်စ်တိုးနီးယန်း တို့တွင် လူဦးရေအရ 173 ဆ ကွာခြားပြီး ယခုအိန္ဒိယနိုင်ငံတွင် တမီးလ်နားဒူးပြည်နယ်နှင့် မီဇိုရမ် ပြည်နယ်တို့သည် လူဦးရေအရ အဆ ၁၀၀ ခန့်ကွာနေသည်။ ရေိယာ အကျယ်အဝန်းအရလည်း ဆိုဗီယက်ယူနီယံတွင် အကြီးဆုံးပြည်နယ်နှင့် အငယ်ဆုံးပြည်နယ်တို့သည် အဆ ၆၀ မျှ ကွာခြားသည်။ သို့သော် လူမျိုးရေးဆိုင်ရာအခွင့်အရေးတွင် တန်းတူထားရှိသောကြောင့် လူမျိုးရေးဆိုင်ရာပြဿနာမပေါ်ခဲ့ပေ။ တစ်ပါတီအာဏာရှင်စနစ်ကြောင့်သာ ပြဿနာရှိသည်။”

❑ “ကျွန်ုပ်တို့နိုင်ငံတွင် လူမျိုးရေးအရတန်းတူသဘောမထားနိုင်သောကြောင့် လူမျိုးရေးပဋိပက္ခကို စစ်ရေးဖြင့်ဖြေရှင်းကြရာ တပြည်လုံးအနှံ့ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရသည်။ ပြည်တွင်းစစ်ကြောင့် စီးပွားရေးချွတ်ခြုံကျ၊ လူ့အခွင့်အရေးဆိတ်သုဉ်း၊ အမုန်းနှင့်ရန်ညိုး ဖွံ့မှုများပြင်းထန်နေရသည်။ ဤသည်မှာတန်းတူရေးသဘောမထားနိုင်ခြင်း၏ရလဒ်ဆိုး ဝဋ်ဘာကြီးပင်ဖြစ်တော့သည်။ ဤဝဋ်ဘာမှ လွတ်မြောက်နိုင်ရန်မှာ အနာဂတ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရှိသည့် လူမျိုးရေးအရတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်ပေါင်းစု ပြည်ထောင်စုကိုတည်ဆောက်ရန် လိုအပ်မည်ဖြစ်သည်။”

**ရာမညဆန်းဝင်းနိုင်**
**ချစ်ကြည်ရေးဂျာနယ် အတွဲ ၁ ဒီဇင်ဘာ ၃ မှ**

## သမိုင်းတကျွေ့ခြေရာကောက်

“လူမျိုးတစ်မျိုး၏ ရပ်တည်မှုကို ယင်းလူမျိုး၏ ခိုင်မာသည့် ကိုးကွယ်မှုဘာသာ၊ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုအနုပညာများကပင် ကျားကန်ပေးထားသည်။ ၎င်းတို့မှေးမှိန်လာသော ကာလများကား ယင်းလူမျိုး၏တည်တံ့ရေးကိုပင် ခြိမ်းခြောက်လာနိုင်၏။ မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် လုံးဝဥသုံပျောက်ကွယ်ခဲ့သော ပျူလူမျိုးတို့၏ အဖြစ်မှာ ဆင်ခြင်သုံးသပ် ထိတ်လန့်စရာပင်ဖြစ်ပေသည်။”

**သတိုးအောင်မျိုး– ချစ်ကြည်ရေးဂျာနယ် အတွဲ ၁ ဒီဇင်ဘာ ၃ မှ**

## နိုင်ငံရေး

# တိုင်းရင်းသားကံကြမ္မာ နဲ့ ဗမာတို့ရဲ့ အစွဲများ

➤"ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးတဲ့နောက်ပိုင်းမှာ ကျနော်တို့ရဲ့ကံကြမ္မာဟာ သူနဲ့အတူကျဆုံးသွားတယ်လို့ ယုံကြည်ကြပါတယ်" ➤

➤"ပုဂ္ဂိုလ်တယောက်ကို ချဉ်းကပ်ပြီး ကျနော်တို့ရဲ့ ကံကြမ္မာကို ပုံအပ်လိုက်ရင် ဒီပုဂ္ဂိုလ်မရှိလို့ရှိရင် ပျက်စီးသွားမယ်။ သူနဲ့တပါတည်းပျက်စီးသွားတာပဲ လို့မြင်တယ်"➤

➤"၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပေါ်လာတဲ့ ပြည်ထောင်စုကြီးဟာ ပြည်မက ဗဟိုအာဏာကိုယူထားတယ်။ ကျန်တဲ့ပြည်နယ်တွေဟာ သူ့လက်အောက်ခံနယ်မြေတွေဖြစ်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းစကားနဲ့ပြောရရင် (Vassal State) ဖြစ်သွားတယ်။ အဲဒါကြောင့်မို့လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြီးတဲ့နောက်ပိုင်းမှာ ပြည်နယ်တွေနဲ့ အများကြီး မပြေမလည်ဖြစ်လာတယ်။"➤

➤"ဒီနေ့ထိ ဗမာလူမျိုးတွေမှာရှိတဲ့ အစွဲတွေဟာ အများကြီး ရှိပါသေးတယ်။ သမိုင်းကိုပြန်ကြည့်ရင် အနော်ရထာခေတ်၊ ဘုရင့်နောင်ခေတ်၊ အလောင်းဘုရားခေတ်၊ လက်နက်နဲ့ထူထောင်ပြီးတော့ တိုင်းပြည်စည်းလုံးရေးကိုလုပ်ပါတယ်လို့ သမိုင်းကိုပြုစုပြီး မြန်မာ့သမိုင်းမှာ ရေးထားပါတယ်။ ဒါဟာဗမာတွေအတွက် ဖေါ် ပြချက်မှန်ချင်မှန်ပါလိမ့်မယ်။ကျနော်တို့တိုင်းရင်းသားတွေအတွက်ကတော့လက်မခံတဲ့သဘောရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အရင်တုန်းကဆိုရင် အထက်ဗမာပြည်ရဲ့သရက်မြို့အထက်မှာမြန်မာနိုင်ငံရှိတယ်။သရက်မြို့အောက်မှာ ရာမညတိုင်း မွန်နိုင်ငံရှိပါတယ်။ အနောက်ဖက်ခြမ်းမှာဆိုရင် ရခိုင်ပြည်၊ ရခိုင်နိုင်ငံရှိပါတယ်။ အဲဒါ သူတို့စည်းရုံးတယ်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းလုပ်တဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ စည်းရုံးတဲ့ ပုံစံမျိုးမဟုတ်ပဲ (Unity by Annexation) တိုက်ခိုက်သိမ်းပိုက်တဲ့နည်းနဲ့ စည်းရုံးရေးလုပ်တယ်။ လက်နက်နိုင်ငံတည်ထောင်တဲ့အတွက် ဒီဟာတွေဟာ မမြဲပါဘူး။ နောက်ဆုံးကျတော့ အင်္ဂလိပ်ဝင်လာတဲ့နောက်ပိုင်းကျတော့ ဗမာပြည်မှာရှိတဲ့လူမျိုးတွေ ဗမာဘုရင်ကို တော်လှန်မှု ရပ်သွားပါတယ်။ မရပ်သွားရင်လည်း ဆက်ဖြစ်ဦးမှာပဲ။ အနော်ရထာခေတ်လည်း ကျဆုံးသွားပါတယ်။ ဘုရင့်နောင်ခေတ်လည်း ကျဆုံးသွားပါတယ်။ ကျနော်တို့မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေ အင်းဝ ဖက်ကို တိုက်တယ်ဆိုလို့ရှိရင်ဗမာတွေကပြောတယ်။ မွန်တွေ၊ ရခိုင်တွေ၊ ရှမ်းတွေက ကျူးကျော်လာတယ်။ ယခုလိုပေါ့ဗျာ၊ ပြောရလို့ရှိရင်သူတို့ကတရားတဲ့စစ်တိုက်တယ်ပေါ့ဗျာ။ ကျနော်တို့ကကိုယ့်လွတ်လပ်ရေးအတွက်တိုက်တာကို မတရားတဲ့စစ်လို့သတ်မှတ်တယ်။ ကျနော်တို့ကလည်း ကိုယ့်လူမျိုးတည်တံ့ရေး၊ ကျနော်တို့ရဲ့ (Kingdom) ဖြစ်တဲ့ပဒေသရာဇ်အင်ပါယာကိုခိုင်မြဲဖို့အတွက် ကျနော်တို့ဘုရင်တွေက တိုက်ကြတာလည်း တရားသောစစ်ပါပဲ။ ဒါပေမဲ့သမိုင်းမှာ ရေးထားတာက သူတို့တရားတဲ့စစ်၊ အဲသလိုပဲသတ်မှတ်ထားတယ်။ အဲဒီအခါ ဘယ်လိုဖြစ်လာသလဲဆိုတော့ယနေ့အထိ ပဒေသရာဇ်ခေတ်ကအစွဲအလမ်းတွေ မကုန်သေးတဲ့အတွက် ဗမာပြည်ကိုအင်္ဂလိပ်က တိုက်ခိုက်သိမ်းပိုက်တော့ အကုန်လုံးကျွန်ဖြစ်တယ်။ လွတ်လပ်ရေးရတယ်။ လွတ်လပ်ရေး ပေးတဲ့အခါကျတော့ ဟိုပဒေသရာဇ်ခေတ်ကလိုပဲ ကျန်တဲ့လူမျိုးတွေကို ငါတို့အုပ်ချုပ်နိုင်တယ်ထင်ကြတယ်။ ထင်ရုံမကဘူး၊ ယူလည်းယူဆတယ်။ ဒီလိုပဲသက်ဝင်ယုံကြည်ကြတယ်။"➤

**နိုင်ငွေသိမ်း (၁၅၊၇၊၈၉)**
UNLD **နိုင်ငံရေးမှတ်တမ်းမှ ကောက်နှုတ်ချက်အချို့**



# ဖက်ဒရယ်နဲ့ နားလည်မှု



"Federal ဆိုတာခွဲထွက်ရေးမဟုတ်ပါဘူး။ကျွန်မတို့အားလုံး သိပြီးသားပါ။ ခွဲရေးမဟုတ်ဖူးဆိုတာ ကျွန်မတို့လက်ခံပါတယ်။ ဒါပေမဲ့ Federal ဆိုတာ ပုံစံအမျိုးမျိုးရှိပါတယ်။ Central Government နဲ့ Local Government ကြားထဲမှာ ဘယ်လိုအာဏာ ခွဲရမယ်၊ ဒါဟာ Federal ရဲ့အဓိကပြဿနာပဲ။ ဒါကိုဆုံးဖြတ်ရပါမယ်။ နောက်ပြီး ပြည်ထောင်စုအစိုးရက ဘယ်လောက်အာဏာယူထားမလဲ၊ ဘယ်အာဏာတွေယူထားမလဲ၊ပြည်နယ်အစိုးရက ဘယ်လောက်အာဏာယူပြီး ဘယ်လိုအာဏာတွေကို အသုံးပြုထားမလဲ၊ ဒီဟာကို ခွဲရမယ်။ နောက်ဆုံး Federal ရဲ့ပြဿနာဟာ ဒါပဲ၊ အာဏာကို ဘယ်လိုခွဲမလဲ၊ နောက်ပြီးတော့ ပြည်ထောင်စု အစိုးရနဲ့ ကြားထဲမှာ ဘယ်လိုပြေလည်အောင် လုပ်မလဲ ဆိုတာဟာ Federal ရဲ့ အဓိကပြဿနာပါပဲ။ အဲဒီတော့ Federalခေါ်ခေါ် ဘာလို့ပဲခေါ်ခေါ် ပြည်ထောင်စုကြီးရဲ့အဓိကပြဿနာဟာဒါပဲ။ ပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရများကြားထဲမှာ၊ ပြည်ထောင်စု အာဏာပိုင်များနဲ့ ပြည်နယ်အာဏာပိုင်များထဲမှာ ဘယ်လိုနားလည်မှုယူပြီးတော့ ဘယ်လိုတာဝန်ဝတ္တရားတွေ၊ အာဏာပိုင်တွေကိုပိုင်းခွဲမလဲ။ ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်မတို့အားလုံး ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးမှ ပေါ်လာမဲ့အဖြေပါ။"

" နိုင်ငံရေးဆိုတာကတော့ နောက်ဆုံးကျတော့ စကားပါပဲ။ နိုင်ငံရေးနည်းနဲ့ နိုင်ငံရေးပြဿနာများ ဖြေရှင်းတယ်ဆိုတာ တယောက်နဲ့ တယောက် စကားပြောပြီးတော့၊ နားလည်မှုယူပြီးတော့ဖြေရှင်းတာပဲ။ အဲဒီတော့ တချိန်လုံးနားလည်မှုယူနေဖို့တော့ကြိုးစားရမယ်။"

**ဒေါ်အောင်ဆန်းစုကြည် (၁၇၊၅၊၈၉)**

**UNLD နိုင်ငံရေးမှတ်တမ်းမှ ကောက်နုတ်ချက်အချို့ ။**



# ဗိုလ်ချုပ်အောင်ဆန်း နှင့် ပြည်ထောင်စုစိတ်ဓါတ်



Photo: Website

➢"ပြည်ထောင်စုကြီးကို ဖွဲ့စည်းရာ၌လည်း ကွဲပြားခြားနားသည့် လူမျိုးများ၏ မတူညီကွာဟသော နိုင်ငံရေး၊ စီးပွါးရေးအခြေခံများပေါ် တွင်ပေါင်းစပ်ဖွဲ့စည်းကြရ၏။ ထိုအခြေအနေများကို အခွင့်ကောင်းယူ၍ လွဲမှားသောအမျိုးသားရေးဝါဒကျင့်သုံးကာ လူမျိုးတမျိုးက ကျန်လူမျိုးများအပေါ် စိုးမိုးခြယ်လှယ်အုပ်ချုပ်လေ့ ရှိကြပေသည်။"➢

➢"**လွဲမှားသောအမျိုးသားရေးဝါဒ**"ဆိုသည်မှာ မိမိတို့လူမျိုးသည် မြင့်မြတ်သောအမျိုးအနွယ်ဖြစ်သည်ဟူ၍ ကြွေးကြော်လျက် ထိုသို့မြင့်မြတ်သည့်အမျိုးအနွယ်ဖြစ်ခြင်းသည်ပင်လျှင် အခြားသောလူမျိုးများအား စိုးမိုးအုပ်ချုပ်စီမံခွင့်ရှိသည့် နိမ့်ကျသောအမျိုးအနွယ်များကို ဖိနှိပ်စိုးမိုးခြယ်လှယ်ရန် အခွင့်အရေးများရှိသည် ဟူ၍ယူဆတတ်ကြသည်။ ထိုအယူအဆဖြင့်ပင် ပြည်တွင်း၌ ဖိနှိပ်စိုးမိုးအုပ်ချုပ်ပြီး အင်အားကြီးထွားလာသောအခါ ပြည်ပနိုင်ငံများကို အင်အားသုံး၍ ကျူးကျော်သိမ်းပိုက်ခြင်းများ ပြုလုပ်တတ်ကြပေသည်။ မှန်ကန်သောအမျိုးသားရေးဝါဒမှာမူ မည်သည့်လူမျိုးရေး ဖိနှိပ်မှုကိုမဆို ပြတ်သားစွာဆန့်ကျင်၏။ မိမိလူမျိုးအား အခြားလူမျိုးက ဖိနှိပ်ချုပ်ချယ်သည်ကို ဆန့်ကျင်တိုက်ခိုက်ရုံသာမက၊ မိမိလူမျိုးကအခြားလူမျိုးအပေါ် ဖိနှိပ်ခြယ်လှယ် ကျူးကျော် သိမ်းပိုက်သည်ကိုလည်း ဆန့်ကျင်ပေသည်။"

**အေးသာအောင် CRPP အတွင်းရေးမှူး**
27/5/2002 **ထုတ် UNLD နိုင်ငံရေးမှတ်တမ်းမှ**

## ဗမာများက စွက်ဖက်မည် မဟုတ်

"ဗမာပြည်လွတ်လပ်ရေးရပြီဟုဆိုနိုင်ကြောင်း၊ တောင်တန်းနယ်များပြဿနာ သာကျန်ရှိတော့ကြောင်း၊ တောင်တန်းနယ်များမလွတ်လပ်သ၍ ဗမာပြည်လွတ်လပ်ပြီ မဆိုနိုင်ကြောင်း၊ဗမာများသည် တောင်တန်းလူမျိုးများကိုငှင်းတို့ဖာသာအုပ်ချုပ်စေလို ကြောင်း၊ **ဗမာများသည် ရှမ်း၊ ကချင်၊ ချင်းတို့၏ ပြည်တွင်းရေးကို စွက်ဖက်မည်မဟုတ်ကြောင်း"**

## တောင်တန်းသားများ ကျွန်မဖြစ်စေလို

" မြန်မာများသည် ဗြိတိသျှ၏ ကျွန်မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်းလူမျိုးများလည်းဗြိတိသျှကျွန်အဖြစ်မရောက်စေလိုကြောင်း၊ ထို့အပြင် တောင်တန်းလူမျိုးများသည် မြန်မာ့ကျွန်အဖြစ်လည်း မဖြစ်စေလိုကြောင်း" ❑

# ဟိုဟို ဒီဒီ ရုံပုံငွေ ပြည်သူများထံမှ ဆင့်ဆိုကောက်ခံ

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့စည်ပင်သာယာဌာနသည် ၂၀၀၇ မတ်လလယ်မှစ၍ ဈေးတန်းရပ်ကွက် – နောင် ကျော့ ရပ်ကွက်တို့ တွင် ပေ ၃၅၀၀ အရှည် ကတ္တရာစေးနှင့် ကျောက်ခင်း လမ်းခင်းရာ ကုန်ကျစားရိတ်အားလုံးကို ရပ်ကွက်သူရပ်ကွက်သားများထံ ပြန်လည်ကောက်ခံသည် ဟုဆို၏။

လမ်းဘေးတစ်လျှောက် နေထိုင်သူအိမ်ပိုင်ရှင်များကလည်း မိမိအိမ်ရှေ့ပလက်ဖောင်းအတွက် အိမ်တိုင်းမှ ၁ ပေလျှင် ကျပ် ၇၀၀ ပေးဆောင်ရန် စည်ပင်သာယာက ဆင့်ဆိုခဲ့ကြောင်း ရွာသားများက ပြန်ပြောပြ၏။

ထိုမျှမက ပြီးခဲ့သည့် ဧပြီလ သင်္ကြန်ကာလက ကျိုင်းတုံ မယက သည် ရိုးရာအစဉ်အလာလှေပြိုင်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် မြို့နယ်အာဏာပိုင်များ ရေကစားပွဲများအတွက်သုံးရန် ရုံပုံငွေကိုလည်း ကျိုင်းတုံ ၅ ရပ်ကွက်စလုံးမှ ပြည်သူများထံ ဆင့်ဆိုကောက်ခံသည်ဟုဆို၏။

အသက် ၈၅ နှစ်အထက်သက်ကြီးရွယ်အို ၆၂ ယောက်အား တစ်ယောက်ကျပ် ၁၀၀၀၀ စီကန်တော့သည့်အပြင် နောင်တုံကန်လှေပြိုင်ပွဲပထမဆုအတွက် ကျပ်ငွေ ၃ သိန်းခွဲနှင့် မြို့နယ်အာဏာပိုင်များရေကစားမဏ္ဍပ်ဆောက်လုပ်ရေး အသုံးစားရိတ်အတွက် ရပ်ကွက် ၁ တွင် တအိမ်လျှင် ကျပ် ၅၀၀၊ ရပ်ကွက် ၂ တွင် တအိမ်ကျပ် ၁၀၀၀ ၊ ရပ်ကွက် ၃ နှင့် ရပ်ကွက် ၅ တွင် တအိမ်ကျပ် ၈၀၀ ၊ ရပ်ကွက် ၄ တွင် တအိမ် ၆၀၀ ကျပ်စီ ပြည်သူများထံမှ မထည့်မနေရ ကောက်ခံခဲ့ကြခြင်းဖြစ်ကြောင်း ဒေသခံများပြောဆိုကြသည်။ ❑

# ညောင်နှစ်ပင်နဲ့ ကပ်ပိန့်စေ့ငြိမ်းဆင်တဲ့ နအဖ

ညောင်နှစ်ပင်ညီလာခံဟာ နအဖ ရင်ဆိုင်နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကို ရှောင်လွှဲဖို့ အချိန်ဆွဲလုပ်နေတာပါ။ ဒီနေရာမှာ ဒေါ်စုနဲ့တိုင်းရင်းသားတွေရဲ့ ညီညွတ်ရေးကို ခွဲထုတ်လိုက်တာလဲပါတယ်။ ဒေါ်စုကို ပထားလိုက်ပြီး တိုင်းရင်းသားအင်အားစုတချို့ကို နအဖ ကဖွဲ့ယူသွားတဲ့သဘောပဲ။သူတို့လုပ်တာမဟုတ်မှန်းလဲ သူတို့ကိုယ်တိုင်သိပါတယ်။ ကျားမြီးဆွဲထားတော့ လွှတ်မရတာနဲ့ မျက်စိမှိတ် ဇွတ်လုပ်နေတာဖြစ်တယ်။ ကမ္ဘာက ဘာပြောပြော တရုတ်ကုလားတွေက ပူးကပ်ပေးထားရင် သူလုပ်ချင်ရာလုပ်သွားမှာပဲ။ စီးပွါးရေးမကလို့ လူမျိုးပါနစ်ပါစေ အားလုံးထိုးအပ်ပြီးဆက်လုပ်သွားဦးမှာပဲ။ နအဖ ထိပ်သီးတွေ အသက်ရှင်နေချိန်မှာ ကိုယ်ကျိုးစည်းစိမ်ချမ်းသာ အာဏာတည်မြဲဖို့အရေးကြီးတယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုက အဓိက မဟုတ်ဖူး။ နအဖ သည် တိုင်းပြည်နဲ့လူထုအတွက် မဟုတ်။ တိုင်းပြည်နဲ့လူထုသည်သာ နအဖ အတွက်ပါပဲ။

ဒီတော့ အများဝေဖန်နေကြသလို အဆိုးအကောင်းတွေ ဘာမှ မရှိဘူး။ ကမ္ဘာ့ခုံရုံးမတက်ရအောင် နည်းပေါင်းစုံနဲ့ အချိန်ဆွဲနေတာပါပဲ။ ဒီတော့ နအဖ ညီလာခံကရေးဆွဲတဲ့ အခြေခံဥပဒေသစ်ဟာလဲ ဗိုလ်နေဝင်း လုပ်ခဲ့တဲ့ ပြည်ထောင်စုမျိုးပေးပြီး ပျားရည်နဲ့ဝမ်းချ ဦးမှာပဲ။ ဗိုလ်နေဝင်းရဲ့ ၁၉၇၄ အခြေခံဥပဒေဟာ **ပြည်ထောင်စု** အမည်ခံပဲ ဖြစ်ပေမဲ့ အနှစ်သာရအားလုံးက မဟာဗမာအုပ်ချုပ်ရေးပဲ၊ တိုင်းရင်းသားပြည်သူတွေကို ဆက်ပြီးကျွန်ပြုထားဖို့ပဲ။ ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းတက်စတုံးကလို **ပြည်ထောင်စု** အမည်ဆက်သုံးရင် တရုတ်–ကုလားက ထောက်ခံအသိအမှတ်ပြုပေးမှာသေချာတယ် လို့ နအဖ ယုံကြည်ထားပုံရတယ်။ ဗိုလ်နေဝင်း၊ စောမောင်၊ မောင်မောင်၊ စန်းယု၊ စိန်လွင်တို့သေသွားတဲ့ပုံစံမျိုးတွေ့တော့ သာမန်လိုသေရမှာထက် ဘုရင်လိုသေမယ်လို့ ဒင်းတို့သံဓိဋ္ဌာန်ချထားပုံရတယ်။

နအဖ ညောင်နှစ်ပင်ညီလာခံ ပြည်ဖုံးကားမချခင်မှာ အရေးကြီးကာလဖြစ်လို့ သွေးနီးကြဖို့ တိုင်းရင်းသားအုပ်စုတွေ သတိမူကြရ



Photo: Manager

ညီလာခံတက်ရောက်သူ တိုင်းရင်းသားကိုယ်စားလှယ်တဦး



Photo: Manager

မယ်။ ဒီနေ့လုပ်ရပ် မှားတယ်မှန်တယ်ဆိုတာ သမိုင်းတွင်ကျန်ရစ်မှာဖြစ်တာကြောင့် တရားခံ မဖြစ်ဖို့အရေးကြီးတယ်။ နာမည်ကောင်းရချင်လို့၊ ဆရာလုပ်ချင်လို့၊ ကိုယ့်ကြောင့်ပြည်သူလူထု နစ်နာသွားမှာကျွန်ဖြစ်သွားမှာစိုးရွံ့ရကောင်းမှန်း အသိသတိရှိသင့်လှပါ တယ်။ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်အဆင့်သာသာ သို့မဟုတ် ၁၉၆၁ ခုနှစ်**ဖက်ဒရယ်လ်**အဆင့်နီးပါးလောက် အစွမ်းပြနိုင်ရင်ကြရင်တော့ မဆိုးလောက်ဘူး။ တကယ်ဆို ဖက်ဒရယ်လ်အဆင့်တောင် ပင်လုံစာချုပ်ထက်နိမ့်နေတယ်လို့ဆိုရမယ်။ တချိန်လုံးဘေးထိုင် ဘိုင်ကျ ဘုပြော လုပ်နေတာလွယ်ပေမဲ့ ဒီနေ့စစ်ဝါဒီ ဗမာနီ ဗမာနက်တွေ ကမ္ဘာကြေညာပြီးညစ်ပတ်ဦးမှာမို့လို့ ရှမ်းပြည်သားအားလုံး၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး စုပေါင်းကာကွယ်ထားကြရမယ်။ ဗမာတွေထဲမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်လိုက်မဲ့လူပျောက်ပြီ။ လက်တွေ့မှာ ဗိုလ်နေဝင်းလမ်းစဉ်လိုက်မဲ့လူတွေပဲ တွေ့နေရတယ်။ ပါးစပ်မှာအချို နှလုံးသားမှာတူးခါး ဆိုသလိုပါပဲ။

ဗိုလ်နေဝင်းရဲ့ ၁၉၇၄ **ပြည်ထောင်စု အတု**ကိုသင်ခန်းစာယူပြီး ညစ်ပတ်တဲ့ နအဖ ရဲ့ ကနေ့ညောင်နှစ်ပင်ညီလာခံကို တောင်ပေါ်တိုင်းရင်းသားတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေ အထူးသတိထားဖို့လိုတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်ကစပြီး အုပ်စိုးသူဗမာအစိုးရအဆက်ဆက် ညစ်ပတ်ကောက်ကျစ်ခဲ့တာကို အမြဲတမ်းပြန်သတိရသင့်တယ်။ နအဖ ဟာသူ့ရဲ့ညောင်နှစ်ပင်ညီလာခံကို ဇွတ်အတင်းဆက်လုပ်ပြီး အချိန်ဆွဲဦးမယ်။ အပစ်ရပ်လက်နက်ကိုင်အဖွဲ့တွေရဲ့ အင်အားစုကို ခုတုံးလုပ်ပြီး **အမည်ခံပြည်ထောင်စု**နဲ့ ကမ္ဘာကိုတဆင့်ပြီးတဆင့်လိမ်ပြနေတယ်။ နအဖ အလိုကျ အခြေခံဥပဒေ ရေးဆွဲပြီးရင် ၁၉၇၄ တုံးကလို **လူထုဆန္ဒခံယူပွဲ**လုပ်ပြီး ပြည်သူလူထု ၁၀၀% ရာနှုန်းပြည့်နီးပါး ထောက်ခံအတည်ပြုတယ်ဆိုပြီး သမိုင်းဘီးတပတ်လည်ပြလိုက်ဦးမှာဖြစ်ကြောင်း ထပ်လောင်းသတိပေးလိုက်ရပါတယ်။

**ကျားချာတိတ်** (20/4/ 2007)

# သျှမ်းပြည်မြောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပိုမိုများပြား

သျှမ်းပြည်မြောက်ပိုင်း၌ ၂၀၀၁–၂၀၀၂ ခုအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျခဲ့သော်လည်း ၂၀၀၆–၂၀၀၇ ခုအတွင်း စီးပွားရေးကျပ်တည်းမှုကြောင့် နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုးနဲ့တန့်ယန်းဒေသများမှာဘိန်းစိုက်ပျိုးထုတ်လုပ်မှုသိသိသာသာ တိုးတက်လာတယ်လို့ သျှမ်းသံတော်ဆင့် အယ်ဒီတာချုပ် ဦးခွန်စိုင်းက ပြောပါတယ်။

အပစ်အခတ်ရပ်စဲထားတဲ့ ကချင်ကာကွယ်ရေးတပ်မတော် KDA နဲ့ နအဖ စစ်အုပ်စုလက်အောက်ခံပြည်သူ့စစ်များ စိုးမိုးတဲ့ ဒေသများမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းဖြစ်ပြီး ဒေသခံပြည်သူများကစီးပွားရေး အလွန်ကျပ်တည်းတာကြောင့်ငွေအများအပြားရတဲ့ ဘိန်းကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်တယ်လို့ ဦးခွန်စိုင်းက ဆိုပါတယ်။

*“စီးပွားရေးက အကြီးအကျယ်ကျတာကိုး၊ နောက် တခုက လုပ်အားပေးတာအများကြီးလုပ်ရတယ်။ နအဖ လိုတာတွေ အကုန်လုံးလုပ်ပေးရရုံသာမကဘူး၊ ငွေပေးရဟာက ကြက်ဆူပင်စိုက်ပြီး ပျိုးပင်တွေမပျက်အောင်ပြုစုပေးရတာရှိတယ်။ ဒါတွေဟာ တနှစ်လုံး လုပ်ရတဲ့အလုပ်တွေဖြစ်တယ်၊ အဲဒါတွေကို သူတို့မခံနိုင်ဘူး”*

ယခင်က ဘိန်းတပိဿာကို ကျပ် ၇ သိန်းသာဈေးပေါက်သော်လည်း အခုလက်ရှိ တပိဿာကျပ် ၁၀ သိန်း ထိဈေးပေါက်နေကြောင်း သျှမ်းသံတော်ဆင့်သတင်းဌာနက သတင်းထုတ်ပြန်ပါတယ်။

မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှု လျော့ကျရေးကို ဆက်လက်လုပ်ဆောင်နေသော်လည်း မူးယစ်ဆေးထုတ်လုပ်မှု ပိုမိုများပြားလာနေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ မတ်လအစောပိုင်းက ထုတ်ပြန်တဲ့ ၂၀၀၇ ခု နိုင်ငံတကာမူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာမှာဖော် ပြပါတယ်။ ဝ ဒေသတွင် ဘိန်းစိုက်ပျိုးမှုကိုနှိမ်နင်းပြီး ဘိန်းကင်းမဲ့ဇုံအဖြစ် သတ်မှတ်သော်လည်း သျှမ်းပြည်အရှေ့ပိုင်းနဲ့ တောင်ပိုင်းတို့တွင် ယမန်နှစ်ကစလို့ဘိန်းစိုက်ပျိုးမှုများ ပြန်လည် တိုးပွားလာကြောင်း အစီရင်ခံမှာပါရှိပါတယ်။

မြန်မာစစ်အုပ်စုအနေဖြင့် ဘိန်းစိုက်တောင်သူများကို ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကူအညီသိပ်မပေး ဟုလည်းဖော်ပြထားပါတယ်။ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများအနက် မြန်မာနှင့် ဗင်နီဇွဲလားတို့သည် နိုင်ငံတကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့တယ်လို့ အမေရိကန်က သတ်မှတ်ထားပါတယ်။ ❑



**ထုပ်ပိုးရန်အသင့်ဖြစ်သော ဘိန်းစိမ်းများ**

# သျှမ်းပြည်မြောက်ပိုင်းတွင် ဘိန်းအထွက်ကောင်းဆဲ

မြန်မာစစ်အာဏာပိုင်တွေက ရှမ်းပြည်မြောက်ပိုင်းမှာ ဘိန်းအထွက်ကျနေပြီလို့ ပြောနေပေမဲ့လည်း အမှန်တကယ်လက်တွေ့မှာ ဘိန်းအထွက်တိုးနေတယ်လို့ သိရပါတယ်။

အထွက်ကောင်းတဲ့နေရာတွေကတော့ စစ်အာဏာပိုင်တွေနဲ့ စစ်အုပ်စုနဲ့အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင်အဖွဲ့တွေ ထိန်းချုပ်ထားတဲ့နေရာတွေဘဲဖြစ်ပါတယ်။ ဝတပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ ၂၀၀၅ ခုနှစ်မှာ ဘိန်းအထွက် လုံးဝမရှိစေရဘူးလို့ ပြောဆိုနေပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာရှိတဲ့ ဘိန်းစိုက်တဲ့ သူတွေဟာ သံလွင်မြစ်အရှေ့ခြမ်း နမ့်ခါမြစ်အကြား မော်ဖ သို့ရွှေ့ပြောင်းပြီး ဒေသခံ နအဖ တပ်တွေရဲ့ ထိန်းချုပ်ကြီးကြပ်မှုအောက်မှာ လွတ်လပ်စွာ ဘိန်းစိုက်ပျိုးနိုင်ကြတယ် လို့ SHAN သတင်းမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် ဘိန်းဈေးလည်းတက်လာတယ်လို့ သိရပါတယ်။ မနှစ်က ဘိန်းတစ်ပိဿာ ၇ သိန်းရှိခဲ့ပေမဲ့ ဒီနှစ်မှာ ကျပ် ၁၀ သိန်းအထိ ရှိလာခဲ့ပါတယ်။

VOB April 19, 2007

# ရှင်ပြုပွဲနှင့်အတူ လောင်းကစားဝိုင်းများခင်းကျင်း

သိန္နီအခြေစိုက် နအဖစစ်တပ် စစ်ဆင်မှုကွပ်ကဲရေးဌာနချုပ် စကခ ၁၆ မှရဟန်းခံရှင်ပြုပွဲကို လောင်း ကစား ဝိုင်းများနှင့်အတူ ဧပြီလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိကျင်းပရာရဟန်းခံရှင်ပြုပွဲမကျွပ်စင် တဲထိုးရန် အတွက် မိုင်းပါး၊ နမ့်စန့်စုတ်၊ကောင်းဟော်၊ တိုင်ယက် ကျေးရွာအုပ်စုများမှ ကျေးရွာတစ်အုပ်စုလျှင် ဝါးလုံး အချောင်း ၃၀၀ ရှာပေးရန်ဆင့်ဆိုခဲ့ပြီး ဒေသခံရွာသူရွာသားများအား ပွဲသို့မလာမနေရ အမိန့်ထုတ်ထားကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းရပ်ကွက်က ဆိုပါသည်။

ရှင်ပြု၊ရဟန်းခံပွဲနှင့်အတူ ဖဲဝိုင်း၊ ၃ကောင်၊ ၄ကောင်ဂျင် ဝိုင်းများလည်းရှိရာ ဗိုလ်ကြီး၊ ဗိုလ်မှူး စစ်ဝတ်စုံနှင့် လောင်းကစား သမားများပြည့်နှက်နေကြောင်း၊ ဇာတ်သဘင်၊ အငြိမ့်ဖျော်ဖြေမှု များလည်း ရှိကြောင်း သိရပါသည်။

ပွဲတက်ရောက်ရန် ဆင့်ဆိုခံရသော ဒေသခံရွာသားများ မှာပွဲသို့ အလာ လမ်းတွင် နအဖ အာဏာပိုင် ဂိတ်စောင့်များက နိုင်ငံသား စီစစ်ရေးမှတ်ပုံတင်ကဒ်များစစ်ဆေး မေးမြန်းကာ လက်ဝယ် မကိုင်ဆောင်ထားသူများအား ကျပ်ထောင်ချီ ဒဏ်ရိုက်ခြင်းများ လည်းရှိသေးသည်ဟု ကြားသိရသည်။ တဖန် ပွဲမှအပြန် လမ်းတွင် ကင်းစောင့်၊ နယ်လှည့်စစ်ကြောင်းများနှင့် တိုးပါက ရွာသားများအား လောင်းကစားဝိုင်းမှ မြတ်လာသည်ဟုဆိုကာ မုန့်ဖိုး ပဲဖိုး အခမ္ဘ ထပ်မံ တောင်းပြန်သည်ဟု ဆိုသည်။

ရှင်ပြုပွဲကျင်းပနေစဉ် ဧပြီလ ၅ ရက်နေ့တွင်လည်း နမ့်ဟူး တောက်ရွာမှ ကလေးများအား ခိုးယူဖမ်း ဆီးကာ တရုတ်ပြည် သို့သွား ရောက်ရောင်းချခြင်းများလည်းရှိရာ ကလေးခိုးသည့်ဂိုဏ်းကို မဖမ်းမိ သေးသဖြင့် တရားခံမည်သူမည်ဝါမှန်း မသိရသေးကြောင်းပြောပါ သည်။

သျှမ်းပြည် နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ယခု ၂၀၀၇ ခုနှစ် ဦးပိုင်းမှစ၍ ကလေးသူငယ်များ မကြာခဏ ပျောက်ဆုံးလျက်ရှိရာ တရုတ်ပြည်သို့ သွားရောက်ရောင်းချသည့် ကလေးခိုးဂိုဏ်း ရှိကြောင်း၊ တရုတ်ပြည်ဆေးရုံ၌ အရေးပေါ် မျက်လုံး၊ အစာအိမ်၊ နှလုံးအစားထိုး ကုလိုသူများ အတွက် ဖမ်းဆီးသွားသော ကလေးများထံမှ ထုတ်ယူ ကာ ရောင်းချပေးကြောင်း ချင်းမိုင်မြို့ကလေး မိဘများအသိုင်းအဝိုင်းက ပြောပါသည်။ ❑

# တာ့ဆန်းသို့ ဆောက်လုပ်ရေးပစ္စည်းများသယ်ရန် ထိုင်းကုမ္ပဏီမှ လမ်းတံတားများပြုပြင်

သံလွင်ရေကာတာတည်ဆောက်ရေးတွင်ဆောက်လုပ်ရေး ပစ္စည်းများ လွယ်ကူစွာသယ်ယူနိုင်ရေးအတွက် ထိုင်းနိုင်ငံ MDX ကုမ္ပဏီမှ ငှားရမ်းထားသောလက်အောက်ခံ ထိုင်းဆဝပ်ကုမ္ပဏီတစ်ခုက မိုင်းတုံမြို့နယ် ချောင်းခြောက်တနေရာ၌ တံတားဟောင်းတစ်စင်း ပြန် လည်တည်ဆောက်ရန်ဧပြီလနှောင်းပိုင်းမှစ၍သံထည်ပစ္စည်းများစတင် သယ်ယူပို့ဆောင်နေကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုသည်။

၂၃၊၄၊၂၀၀၇ က ထိုင်းဆဝပ်ကုမ္ပဏီသည် မဲကင်ရွာနှင့် မိုင်းဟန် ရွာအကြား နမ့်ဟူးပါကွယ်ချောင်းခြောက်၌ တံတားဟောင်းကို အစားထိုးရန် ဘေလီသံတံတားတည်ဆောက်ရေးအတွက် သံထည် ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်းအချို့တင်ဆောင်ပြီး ချင်းမိုင်– ချင်းဒေါင်း-BP1 လမ်းကြောင်းအတိုင်း သွားရောက်ပို့ချထားပြီဖြစ် ကြောင်း ဆိုပါသည်။

အဆိုပါတံတားဟောင်းသည် တာ့ဆန်း၊ မိုင်းတုံ၊ ပုံပါကျင်၊ နမ့်ယုံးမှထိုင်းနယ်စပ် PB1 သို့သွားသော လမ်းမပေါ်၊ မိုင်းတုံမြို့ တောင်ဘက် ၁၅ မိုင် ခန့်အကွာတွင်ရှိကြောင်း၊ ထိုချောင်းခြောက်သည် မိုးတွင်းမှအပ ရေမရှိကြောင်း၊ ယိုင်နဲ့နဲ့သစ်သားတံတားသာဖြစ်သဖြင့် နှစ်စဉ်ပြုပြင်နေရကြောင်း၊ တာ့ဆန်းရေကာတာတည်ဆောက်ရေး လုပ်ငန်းတွင် ထိုင်းနိုင်ငံမှဆောက်လုပ်ရေးပစ္စည်းများ လွယ်ကူစွာ သယ် ယူနိုင်ရေးအတွက်ချောင်းခြောက်တံတားအပါအဝင် ယိုယွင်းယိုင်နဲ့ သော တံတားအားလုံးကိုပါ ဆက်လက်ပြုပြင်သွားမည်ဟု အဆိုပါ ကုမ္ပဏီဝန်ထမ်းတစ်ယောက်မှပြောကြောင်း မိုင်းတုံမြို့သားတစ်ဦး က ဆိုသည်။

ထိုင်းဆဝပ်ကုမ္ပဏီသည် MTA ခွန်ဆာလက်ထက် ကတည်း က ဤဒေသတွင်သစ်လုပ်ငန်းစတင်ပြုလုပ်ခဲ့၏။ MTA လက်နက်ချပြီး နောက်ပိုင်း ဝတပ်ဖွဲ့အတွက် ထိုင်းနယ်စပ်မှ နားကောင်းမူး၊ ဟွေအော်၊ မိုင်းကျွက်၊ နမ့်ဟူးခွန်၊ နားပါကောင်၊ ဟိုပန်၊ ဟိုယွက်တို့တွင် လမ်း ဖောက်လုပ်ရေးကန်ထရိုက်ရခဲ့သည်။ ချင်းမိုင်မြို့ ဝမ်းဆင်ခမ်း ရပ်ကွက် ၌ ပင်မရုံးစိုက်လျှက်ရှိသည်။ ❑

# ဘိန်းပင်ခြောက်များကြောင့် ရွာသားများဒဏ်ငွေတပ်ခံရ

ကွန်ဟိန်းမြို့နယ်တောင်ဘက် ဆိုင်းခေါင်ရွာအနီး ခြံဟောင်းအတွင်းရှိ ဘိန်းပင်ခြောက်များကိုသာ တွေ့သော မိုးနဲအခြေစိုက် ခလရ ၂၄၈ မှ နယ်လှည့်စစ်ကြောင်းတစ်ကြောင်းသည် ရပ်ရွာလူကြီးများအားကြီးလေးသော ပြစ်ဒဏ် ၃ မျိုးအနက် တစ်ခုကိုရွေးချယ်စေကြောင်း သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်မှ သိရသည်။

၃၀၊၄၊၂၀၀၇ နေ့ ထိုင်းနယ်စပ်သို့ရောက်လာသူ ကျိုင်းတောင်းမြို့နယ်ခွဲမှ ရွာသားတစ်ဦး၏ ပြန်လည်ပြောပြချက်အရ ၈၊၃၊၂၀၀၇ နေ့က မိုးနဲအခြေစိုက် ခလရ ၂၄၈ ဗိုလ်မှူးသန်းနိုင်ဦး ဦးစီးသောအင်အား ၅၀ ခန့်ရှိ စစ်ကြောင်းတစ်ကြောင်းသည် ကျိုင်းတောင်းမြို့နယ် တုန့်ဟုန်းကျေးရွာအုပ်စု တာ့ကွန်ရွာသို့ နယ်လှည့်စစ်ကြောင်းရောက်ရှိရာ ဘိန်းခြံဟောင်းတစ်ခြံတွေ့သဖြင့် ရွာသူကြီး ဦးပညာ ၅၀ နှစ်နှင့် ကျေးရွာလူကြီး ဖ ယောက်ကို ခေါ်ယူဆဲရေးတိုင်းထွာပြီး ခွင့်ပြုချက်မရဘဲ တရားမဝင်ဘိန်းစိုက်သည့်အတွက် –

၁– သူကြီးနှင့် ရွာလူကြီးများ ထောင်ဒဏ် ၁၀ နှစ်ကျခံရမည်။

၂– ရွာအားလုံးဖျက်၍ ကွန်ဟိန်းမြို့အနီးသို့ ပြောင်းရွှေ့နေထိုင်ရမည်။

၃– ဒဏ်ငွေ ကျပ်သိန်း ၂၀ ပေးဆောင်ရမည်။

အဆိုပါ ပြစ်ဒဏ် ၃ ခုအနက် ၁ ခုကို ရွေးချယ်ရန် ဆူပူကြိမ်းမောင်း ခြိမ်းခြောက်လိုက်သည်ဟုဆို၏။

ရွာလူကြီးများက ကျေးရွာအနီး လယ်ယာမရှိသူ လူနည်းစုသာ ဝမ်းစာအတွက် ဘိန်းစိုက်ပျိုးကြရကြောင်း ကြီးလေးသောပြစ်ဒဏ်မှ လျော့ပေါ့ပေးရန် အသနားခံတောင်းပန်ကြောင်း ဝိုင်းဝန်းတင်ပြကြသည်။ အဆိုပါစစ်ကြောင်းအတွက် အလေးချိန် ၂၅ ပိဿာရှိ (တန်ဖိုး ကျပ် ၅ သောင်းတန်) ဝက်တစ်ကောင်ရှာပေးခဲ့ရ၏။ စစ်ကြောင်းမှူးကလည်း ညတွင်းချင်းဒဏ်ငွေ လိုက်လံကောက်ပေး ရန် ဆင့်ဆိုပြီး ဆိုင်းခေါင်ရွာတွင် စခန်းချအိပ်စက်ကြသည်ဟုဆိုသည်။

ရွာသူကြီးမှ ရွာသူရွာသားများထံမှ ပိုက်ဆံလိုက်လံ ကောက်ခံရာ ကျပ် ၁၅ သိန်းသာရပြီး ပေး အပ်လိုက်၏။ ကျန်ငွေ ကျပ် ၅သိန်းအတွက် ပြစ်ဒဏ်လျော့ပေါ့ရန် တိုးရှိုးတောင်းပန်သော်လည်းမရ။ စစ်ကြောင်းမှူးက နောက်တစ်ခေါက်စစ်ကြောင်း လှည့်ရောက်လာပါက ပြန်လာယူမည်ဖြစ်သဖြင့် မဖြစ်မနေ စုဆောင်းထားပေးရန် ရာဇဒဏ်ပေးပြီး နောက်တန်းရှိရာ ကျိုင်းတောင်း သို့ ပြန်သွားသည်ဟုဆိုသည်။

မိုးနဲဒေသတစ်ဝိုက်နေထိုင်ကြသူရွာသူရွာသားများသည် နအဖ၏ မည်သည့်နယ်လှည့်စစ်ကြောင်းမဆို ရောက်ရှိလာပါက ဤကဲ့သို့အမြဲလိုလိုခြိမ်းခြောက်သတ်ဖြတ်ငွေညှစ် ခိုင်းစေခံနေသဖြင့် ကျေးလက်ပြည်သူအများစုက နအဖစစ်တပ်အား လိုင်စင်ရဓါးပြများဟု ကင်ပွန်းတပ်ခေါ်ဝေါ်လျှက်ရှိကြကြောင်း။ ❑

# ဆောက်ပြီးအိမ်သစ်များအား လန်းခေးစည်ပင် အခွန်ကောက်

သျှမ်းပြည်တောင်ပိုင်း လင်းခေးမြို့နယ်အတွင်း ၇၊၂၊၂၀၀၇ ရက်နေ့နောက်ပိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အေးချမ်းသာယာရေးအဖွဲ့တို့ပူးပေါင်းကာ ၃ နှစ်အတွင်း အိုးအိမ်ပြန်လည်မွမ်းမံသူနှင့်အသစ်ဆောက်လုပ်ခဲ့သူ လင်းခေးမြို့သူ /သားများ အားကျပ်ငွေ ၁ သိန်းမှ ၅ သိန်းအထိ အိမ်ခွန်ဆောင်ရန် ဆင့်ဆိုခဲ့သည် ဟုနယ်စပ်ရောက် လင်းခေးသားတဦးကပြောဆိုပါသည်။

*“၁ ထပ်တိုက်ပု အိမ်ငယ်တွေကို အနည်းဆုံးကျပ် ၁ သိန်းပေးဆောင်ခိုင်းတယ်။ အိမ်ကြီးရင်ကြီးသလိုပေါ့။ ကျပ် ၅ သိန်းအထိအခွန်ဆောင်ရတဲ့သူတွေရှိတယ်။ လင်းခေးမြို့မှာ လွန်ခဲ့တဲ့ ၃ နှစ် တာကာလအတွင်း ပြန်လည်မွမ်းမံ၊ အသစ်ဆောက်လုပ်တဲ့ အိမ်သစ်စုစုပေါင်း ၁၅၃ အိမ်ရှိတယ်”* ဟုၹင်းက ဆိုပါသည်။

လင်းခေးမြို့နယ်သည် စော်ဘွားခေတ်တွင် မောက်မယ်စော်ဘွားလက်အောက်ခံဖြစ်ပြီး ၁၉၄၈ ခုနှစ် လွပ်လပ်ရေးရပြီးနောက်ပိုင်း လွယ်လင်ခရိုင်လက်အောက်ခံဖြစ်ခဲ့ပါသည်။ သို့သော် ၂၀၀၄ ခုနှစ် ကုန်ခါနီးနောက်ပိုင်းတွင် နအဖစစ်အစိုးရ၏ ပြန်လည်တည်ဆောက်ရေးစီမံကိန်းအရ လင်းခေးမြို့နယ်အား ခရိုင်အဆင့်တိုးမြင့်ခဲ့ရာ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုးနဲမြို့နယ် ၊ မိုင်းပန်မြို့နယ် နှင့် ဟိုမိန်းမြို့နယ် ဟူ၍မြို့နယ် ၅ မြို့နယ်အပြင် ကျိုင်းတောင်းနှင့် ဝမ့်ဟတ်ဟူ၍ မြို့နယ်ခွဲ ၂ ခုရှိ ပါသည်။ လင်းခေးမြို့နယ်အတွင်းတွင်မူ ပုန်းထွန်၊ မြို့မတောင်၊ ဈေးတန်း၊ မြို့ဦး၊ မြို့မအရှေ့၊ မြို့မအနောက်၊ ပန်ဟုန်း၊ ကံသာ၊ ပန်ဝေါင်၊ ပန်ထနောင်း၊ ဝမ့်တာ့ (ဒါးဆိပ်) ဟူ၍ ၁၁ ရပ်ကွက် ရှိသည်ဟုသိရသည်။ ❑

# ထိုင်းသို့ ခိုးဝင်သူများအား နယ်စပ်ရှိ လူကုန်ကူးသူများ ငွေညှစ်

သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ဆိုင်မိန်း–ကျိန်းလုံး ကျေးရွာအုပ်စုနေ ရွာသား ၄ ဦး ထိုင်းနိုင်ငံတွင် အလုပ်ရှာရန် တိမ်းရှောင်လာရာ တာချီလိတ်သို့ရောက်ခဲ့သည်။ ထိုမှ ချင်းမိုင်ခရိုင် မိုင်းဖှန်၊ မယ်အိုင်းမြို့နယ် ထိုင်းနယ်စပ်ကိုဖြတ်ကျော်လျှင် ခရီးစားရိတ်သက်သာပြီး အခြားလမ်းကြောင်းထက်ပိုမိုလွယ်ကူသည် ဟုပြောဆိုသံကြားသဖြင့် တာချီလိတ်မှ မိုင်းယောင်းသို့ ကားလမ်းခရီးဖြင့်လာခဲ့ကြောင်း၊ မိုင်းယောင်း အနောက်ဘက် နမ့်ကုတ်ချောင်း ကမ်းနဖူးပေါ်ရှိ ပိန်းခမ်းခေါ် တာ့ကုတ်ရွာမှ နမ့်ကုတ်ချောင်းအတိုင်း မော်တော်လှေဖြင့် စုန်ဆင်းခဲ့ကာ မယ်အိုင်းမြို့နယ် တာ့တွမ်းအုပ်စု ကိုင်ယုန့်ရွာ၌ ခရီးတထောက်ရပ်နားခဲ့ရသည်ဟုဆိုသည်။ ထိုမှ တာ့တွမ်းအနောက်တောင်ဘက် ၂၅ ကီလိုခန့်အကွာ နာရီဝက်ခန့်သာ ကားမောင်းသွားရသော ဆွေမျိုးများနေထိုင်သည့် မိုင်းဖှန်မြို့ အနောက်ဘက် ပိန်းကောက်ရွာသို့ ပို့ဆောင်ခအဖြစ် လူကုန်ကူးပွဲစား ၂ ဦးက ဘတ် ၁၆၅၀၀ အဓမ္မ ငွေညှစ်ယူကြောင်း ထိုရွာသား၏ ပြောပြချက်အရ သိရသည်။

နယ်စပ်သို့ရောက်လာသူဒုက္ခသည် ၄ ဦးကို ကားဖြင့်ပို့မပေးမီက ၄င်းတို့အား သွားရောက်ဖြားယောင်းခေါ်ယူထားသည့် အဆိုပါ လူပွဲစား ၂ ယောက်က ပိန်းကောက်ရွာရှိ ဆွေမျိုးများထံမှ ခရီးစားရိတ်ဘတ် ၂၀၀၀၀ ရှာပေးရန် လက်ခံသဘောတူသည်အထိ တာ့တွမ်းတံတားတောင်ဘက် ကိုင်ယုန့်ရွာပြင် လယ်တဲတွင် ၅ ရက် ၆ ရက်ခန့် ခြိမ်းခြောက်အကျယ်ချုပ်ထားသည် ဟုဆိုသည်။ ကားဖြင့်တင်ဆောင်ပို့ပေးသည့် ၁၈၊ ၄၊ ၂၀၀၇ နေ့က ဆွေမျိုးများရှိရာ ပိန်းကောက်ရွာသို့ ရောက်သည်နှင့် ဒုက္ခသည်ရွာသား ၄ ဦးလည်း တောင်းတောင်းပန်ပန်ဖြင့် အားလုံးအတွက်ပို့ပေးခ ဘတ် ၁၀၀၀၀ ဈေးဆစ်သော်လည်းမရ။ ၄င်းတို့တောင်းသလောက်မပေးလျှင် ထိုင်းပုလိပ်သို့တိုင်ကြားမည်ဟု လူပွဲစား ၂ ယောက်ခြိမ်းခြောက်သဖြင့် ဆွေမျိုးများက ချေးငှားပြီး ဘတ် ၁၆၅၀၀ ပေးလိုက်ရသည်ဟုဆိုသည်။

လူကုန်ကူးပွဲစား ၂ ယောက်မှာ အသက် ၂၀ ဝန်းကျင်အရွယ် သျှမ်းလူငယ်များဖြစ်ပြီး တစ်ဦးမှာအနီရောင်ဟွန်ဒါဆလွန်းကားမောင်းသည့် တာ့တွမ်းရွာ၌နေထိုင်သူ ပုံပါကျင်ဇာတိဖြစ်၏။ ကျန်တစ်ဦးမှာ မီးခိုးပြာရောင်ဟွန်ဒါဆိုင်ကယ်ပိုင်ရှင် လူမှောင်ခိုတင်သွင်းလေ့ရှိသည့် ကိုင်ယုန့်ရွာ ဆိုင်ကယ်ပြင်ဆိုင်တွင်နေထိုင်သူ မိုင်းပန်မြို့နယ် ဇာတိဖြစ်ကြောင်း သိရသည်။

မိုင်းတုံ– မိုင်းဆတ်– ပုံပါကျင်ဖက်မှ ထိုင်းနိုင်ငံသို့ ဝင်သောလမ်းမှာ နအဖစစ်တပ်မှ ယခင်ကထက် ပိုမိုတပ်ချ စောင့်ကြပ်စစ်ဆေးလာသဖြင့် ၂၀၀၇ နှစ်ဆန်းပိုင်းမှစ၍သျှမ်းပြည်အလယ်ပိုင်းမြောက်ပိုင်းမှဆင်းလာလေ့ရှိသော သျှမ်းပြည်ဒုက္ခသည်များသည် ကွန်ဟိန်း–ကာလိမှတဆင့် သံလွင်မြစ်ကို ဖြတ်ကာ တာချီလိတ်–မယ်ဆိုင်ဘက်မှ ထိုင်းနိုင်ငံသို့ဝင်သောလမ်းကြောင်းကို အများဆုံး အသုံး ပြုလာသည်။

# ဘိန်းခွန်အဖြစ် နယ်လှည့်စစ်ကြောင်း ဆက်ကြေးတောင်း

၃၀၊၃၊၂၀၀၇ နေ့ကသျှမ်းပြည်တောင်ပိုင်း မိုးနဲမြို့မြောက်ဘက် မိုင် ၂၀ ကျော်ဝေးသည့် နောင်လိုင်၊ နောင်ယာ့ဆိုင်း ရွာဘက်သို့ နယ်လှည့်သွားသော မိုးနဲအခြေစိုက် ခမရ ၅၁၈ မှ ဗိုလ်မှူးထွန်းဝင်း ဦးစီးစစ်အင်အား ၅၀ ခန့်ရှိ နယ်လှည့်စစ်ကြောင်း တစ်ကြောင်းသည် ရွာသားများထံမှ ဘိန်းခြံခွန်အဖြစ် ကျပ်ငွေ ၁၂ သိန်း ၃ သောင်းအပြင် ဝက်တစ်ကောင်နှင့် လှည်းဆွဲနွားတစ်ကောင်ကိုပါ ပေးဆောင်ရန် ခြိမ်းခြောက်ဆင့်ဆိုခဲ့ကြောင်း ၃၀၊၄၊၂၀၀၇ က နယ်စပ်သို့ ရောက်ရှိလာသောဒေသခံများထံမှ သိရပါသည်။

ရွာသား ၄– ၅ ယောက်အား နေ့ခင်းပိုင်း ပစ္စည်းထမ်း လမ်းပြပေါ်တာအဖြစ်လိုက်ပါရန်ခေါ်ယူပြီး ဒေသတစ်ဝိုက် တောတောင်ထဲ လှည့်လည်စစ်ဆေးကာ ညဘက်၌ အုပ်စု ၂ စု ခွဲ၍ ရွာ ၂ ရွာအတွင်း စခန်းချအိပ်စက်ကြောင်း၊ ၄င်းတို့ မူးယစ်သောက်စားပွဲအတွက် ဝက်တစ်ကောင်အပြင် နောက်တန်းယူပြန်ရန် နွားနောက်တစ်ကောင်ကိုပါ ဆင့်ဆိုကြောင်း၊ ရွာတွင် နွားနောက်မရှိသဖြင့် လှည်းဆွဲနွားပေးလိုက်ရကြောင်း၊ အဆိုပါ နယ်လှည့်စစ်ကြောင်း ထိုရွာ ၂ ရွာ၌ ၃ ညအိပ်ကာ ၄ ရက်မြောက်နေ့ နံနက် ၉ နာရီတွင် လက်ကျန် ဝက်သားအပါအဝင် ပစ္စည်းများထမ်းရန်နှင့်လှည်းဆွဲနွားဆွဲပေးရန် ရွာသား ၅ ယောက်ဆင့်ခေါ်ပြီးမိုးနဲမြို့အနီး ဟိုင်းကေရွာအထိ ပို့ခိုင်းကြောင်း ၄င်းရွာသားကရှင်းပြခဲ့သည်။ *“ဝက်တစ်ကောင်က တန်ဖိုးကျပ် ၄ သောင်း၊ နွားတစ်ကောင်တန်ဖိုး ၈ သောင်း၊ အဲဒီအတွက် ရွာသားတွေစုပေါင်း ကောက်ခံဆပ်ပေးရတာပေါ့”* ဟု ဒေသခံတစ်ယောက်ကလည်း ပြောဆိုသည်။

သျှမ်းပြည်တောင်ပိုင်း မိုးနဲမြို့နယ်တွင် နအဖ စစ်တပ် ခလရ ၂၄၈ နှင့် ခမရ ၅၁၈ တပ်ရင်း ၂ ရင်း ရှိလေရာ မိုးနဲမြို့တွင်းသာမက မြို့ပြင်ရှိ ကျေးရွာအုပ်စုများတွင်ပါ ရွာသူရွာသားများအား အနားမပေး ၁၂ ရာသီလုံး စစ်တပ်အတွက် အစဉ်တစိုက် လုပ်အားပေးခိုင်းစေလျက်ရှိသည်။ ပြီးခဲ့သည့် မတ်လကလည်း ခလရ ၂၄၈ သည် နားခန် ကျေးရွာအုပ်စုမှ ရွာသားများအား ပြည်သူ့စစ် တပ်သားသစ် ကောက်ခိုင်းသဖြင့် မခံနိုင်ကြသည့် ကျေးလက်ပြည်သူအမြောက်အများ ထိုင်းနယ်စပ်သို့ တဖွဲဖွဲထွက်ပြေးလာကြောင်း သိရသည်။ ❑

# ဒီမိုကရေစီပြောင်းလဲရေးတွင် ရေဒီယိုသည် အရေးကြီးသောအခန်းမှပါဝင်

၃၀၊၄၊၂၀၀၇ ရက်နေ့က ချင်းမိုင်တက္ကသိုလ် ယူနီဆပ် ခန်းမတွင် AEIOU Programme မှစီစဉ်သောThe Role Of Radio In The Transition Of Democracy In Burma “မြန်မာနိုင်ငံ ဒီမိုကရေစီကူးပြောင်းရေးကာလ ရေဒီယို၏အခန်းကဏ္ဍ” ခေါင်းစဉ် ပို့ချချက်ကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားပါသည်။

လွတ်လပ်သောအာရှအသံ RFAမြန်မာဘာသာအသံလွှင့်အစီအစဉ် စတင်တည်ထောင်စဉ် မြန်မာပိုင်းဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဦးစိုးသင်းမှ AEIOU တိုင်းရင်းသားပွင့်လင်းတက္ကသိုလ်၌ ပညာသင်ယူနေကြသော ကျောင်းသူ/သားများအား သတင်းသမားတစ်ဦး၏ ဆောင်ရန်ရှောင်ရန် ကျင့်ဝတ်များနှင့် ပတ်သက်သည့် အခန်းကဏ္ဍများကို ရှင်းလင်းပို့ချသွားပါသည်။

ရေဒီယိုသည် ပြည်သူများအတွက် အလွန်အရေးပါသော အဝေးဆက်သွယ်ရေး ကိရိယာတစ်ခုဖြစ်ကြောင်းရေဒီယိုမှနေ့စဉ်ထုတ်လွှင့်ပေးသော သတင်းအချက်အလက်၊ ပညာရေး၊ ဗဟုသုတ နှင့် ဖျော်ဖြေရေးကဏ္ဍများသည် ဒီမိုကရေစီပြောင်းလဲရေးကာလ အတွက်များစွာအကျိုးပြုကြောင်း၊ ထိုအတွက် သတင်းသမားသည် ဘက်မလိုက်ပဲ နိုင်ငံအတွင်း၌ဖြစ်ပေါ်နေသော အဖြစ်အပျက်အတိုင်း မှန်ကန်စွာဖော်ပြသင့်ကြောင်း၊ မိမိထင်မြင်ချက်နှင့် ဖြစ်စေလိုသောသဘောကို ပြည်သူများအား မဆော်ဩရဘဲ သတင်းသုံးသပ်ချက်သာရှိရမည်ဖြစ်ကြောင်း၊သတင်းဦးသည်ပဓါနမဟုတ်ဘဲမှန်ကန်သောသတင်းထူးသာလျှင် အသံလွှင့်ဌာန၏အရည်အချင်းကို မြှင့်တင်ပေးကြောင်း၊ ယနေ့ခေတ် ဒီမိုကရေစီ ထူထောင်ရေးကာလတွင် တိုင်းရင်းသားများ၏ပါဝင်မှုအခန်းကဏ္ဍသည်လည်း အရေးကြီးသဖြင့် အောင်မြင်မှု ပန်းတိုင်သို့ ရောက်ရှိရန် တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်မှု ရရှိလာအောင် ရေဒီယိုမှတဆင့် ဖန်တီးပေးရမည်ဖြစ်ကြောင်း ၄င်းက ဆွေးနွေးပြောသွားပါသည်။



ဦးစိုးသင်း

Photo : SHAN

အမေရိကန်သမ္မတဟောင်းတစ်ဦးဖြစ်သူ John Adams (၁၇၉၇–၁၈၀၁)သည် “အမျိုးသားလုံခြုံရေးအတွက် သတင်းစာလွတ်လပ်မှုရှိရမယ်” ဟုပြောဆိုခဲ့ဖူးသည့်အတိုင်း ပြည်သူလူထုအသိပညာတိုးပွားရေးအတွက်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည့် ရေဒီယိုသတင်းသမားတစ်ယောက်သည် သတင်းသမား၏ ကျင့်ဝတ်နှင့်အညီလိုက်နာကျင့်သုံးပါမှ အများအကျိုးသက်ရောက်မည်ဖြစ်ကြောင်း ၄င်းကထပ်မံ ပြောဆိုသွားပါသည်။ အဆိုပါဆွေးနွေးပွဲသို့ကျောင်းသူ/သားများအပါအဝင် တက်ရောက်သူ ၅၀ ခန့်ရှိသည်။

ဆရာဦးစိုးသင်းသည် ၁၉၈၈ အရေးအခင်းမတိုင်မီ ကာလက မြန်မာနိုင်ငံခြားရေးရုံးတွင် တတိယအတွင်းဝန်အဖြစ် ၁၉ နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အရေးအခင်းကာလနောက်ပိုင်း Canada နိုင်ငံပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းတစ်ခု၌ ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့ပြီး အမေရိကန်နိုင်ငံ လွှတ်တော်မှပံ့ပိုးသော **“လွတ်လပ်သော အာရှအသံ”** RFA မြန်မာပိုင်းအစီအစဉ်ကို စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ RFA ၌ ဒါရိုက်တာအဖြစ် ၁၀ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး ပင်စင်မယူမီ တတ်ကျွမ်းနားလည်သော အသံလွှင့်ပိုင်းဆိုင်ရာ သတင်းပညာရပ်ကို တိုင်းရင်းသားများအကျိုးမျှော်ကိုး၍ ထိုင်းနယ်စပ်တစ်နေရာ၌ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများလုပ်ကိုင်ရင်း ဒုက္ခသည်တိုင်းရင်းသားများအား ကူညီပံ့ပိုးလျက်ရှိကြောင်း။❑

ဆောင်းပါး

# သံလွင်ရေကာတာ အတွက် ထိုင်းအီးဂက်၏ မရိုးသားမှုကို ဖွင့်ချခြင်း

ထိုင်း စွမ်းအင်ဝန်ကြီး ပိယဆဝပ်အမရနန္ဒ က မယ့်ဟောင့်ဆွမ် ခရိုင်ဘက်မှ သံလွင်ရေကာတာ စီမံကိန်းကိစ္စ ငြင်းကွယ်ခဲ့သော်လည်း ဒေသတွင်းလေ့လာဆန်းစစ်မှုများရှိနေပြီး ထိုင်းနိုင်ငံလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ (EGAT) အီးဂက်၏ ရေကာတာ တည်ဆောက်ရေးပြင်ဆင်မှုလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက် နေသည်ကိုတွေ့ရ၏။ လွန်ခဲ့သည့် ဖေဖေါ်ဝါရီ ၂၈ ရက်နေ့က ရွာသား များနှင့် ၁၉ နိုင်ငံမှ သက်ဆိုင်ရာ NGO အဖွဲ့များပူးပေါင်း၍ သံလွင်ရေ ကာတာ တည်ဆောက်ခြင်း ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြပြီး ဒေသခံကျေးလက်ပြည်သူများအား စီမံကိန်းဆိုင်ရာအချက်အလက် များ ထုတ်ဖေါ်လှစ်ဟရန်လည်း ဝိုင်းဝန်းတောင်းဆိုခဲ့ကြသည်။

သို့ဖြစ်၍ သံလွင်မြစ်ပေါ်တည်ဆောက်မည့် ရေကာတာစီမံ ကိန်းဆိုင်ရာဖြစ်စဉ်များကို အစပြုချိန်မှစ၍ နောက်ဆုံး ဆုံးဖြတ် ချက်ချသည်အထိ ဖေါ် ပြလိုက်ပါသည်။

❍ **၁၉၉၆ ဂျူလိုင်** ။ ၂၀၁၀ မှစ၍ ဗမာပြည်မှ လျှပ်စစ်ဓါတ် အား ၁,၅၀၀ မီဂါဝပ် ဝယ်ယူရန် ထိုင်းအစိုးရက ဗမာစစ် အစိုးရနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့၏။




❍ **၂၀၀၃ ဒီဇင်ဘာ** ။ EGAT ညွှန်ချုပ် ဆစ်ထိဖွမ်းရတနိုးဖတ် က သံလွင်မြစ်အညာပိုင်းနှင့် အလယ်ပိုင်း ရေကာတာ တည်ဆောက် ရေးအတွက် နအဖ စစ်အစိုးရနှင့်သွားရောက်ဆွေးနွေးကာ အဆိုပါ ရေကာတာနှစ်ခုမှ လျှပ်စစ်ဓါတ်အား တယူနစ်လျှင် ထိုင်းဘတ် ၁၅ ပြား အထိ ဈေးနှုန်းချိုသာစေမည်ဟုထပ်မံပြောဆိုပြီး စီမံကိန်း ဇေန်မှုချ အကောင်အထည်ပေါ်လာစေရန် စတင်ဖိအားပေးခဲ့၏။

❍ **၂၀၀၄ ဖေဖေါ်ဝါရီ** ။ ၂၀၀၄ ခုနှစ်အတွင်း စီမံကိန်း၏ ဖြစ်သင့်ဖြစ်ထိုက်မှုဆိုင်ရာလေ့လာဆန်းစစ်ချက်များအပါအဝင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းထိခိုက်မှု လေ့လာချက်များနှင့် စပ်လျဉ်း၍ ဗမာစစ်အစိုးရနှင့်သဘောတူညီမှုရရှိရေးအတွက် ဆွေး နွေးသွားမည်ဖြစ်ကြောင်း EGAT က အထက်လွှတ်တော် နိုင်ငံခြား ရေးကော်မတီအား ရှင်းလင်းခဲ့၏။

❍ **၂၀၀၄ မတ်ချ်** ။ ချိုင်းနားမစ်ရှင်နရီအီးခဝစ(ပ်)မဲန့် အမည်ရှိ တရုတ်ပြည်ရေကာတာတည်ဆောက်ရေးကန်ထရိုက်ကုမ္ပဏီ ဥက္ကဌက သံလွင်ရေကာတာ တည်ဆောက်ရေး စီမံကိန်းအတွက် ဘတ် ငွေသန်းပေါင်း ၂၀၀,၀၀၀ ဖြင့် ပါဝင်ပူးပေါင်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား ကြောင်းထုတ်ဖေါ်ခဲ့၏။ ၂ နေရာခွဲ၍ လျှပ်စစ်ဓါတ်အားပေး စက်ရုံ (၅)ခု အနက် ထိုင်း–ဗမာနယ်စပ်အဖြစ် သံလွင်မြစ်ပိုင်းခြားထားသည့် ဒေသ တွင် ၂ ရုံ တည်ဆောက်ပြီး ၄င်းအတွက်ထိုင်းဘက်မှ ရင်းနှီး မြှုပ်နှံစေကာ ဗမာစစ်အစိုးရနှင့် ၅၀–၅၀ ပူးပေါင်းရင်းနှီးမည်။ ကျန်စက်ရုံ ၃ ရုံ ဗမာပြည်အတွင်း၌ ရှိမည်ဟုဆိုသည်။

❍ **၂၀၀၄ ဇွန်** ။ EGAT ၏ ၂၀၀၄–၂၀၁၅ လျှပ်စစ်စွမ်း အင်ထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံချက်၌ သံလွင်ရေကာတာ စီမံကိန်းကိုပါ ထည့်သွင်းထားပြီး ၂၀၁၅ တွင် လျှပ်စစ်ဓါတ်အား စတင်ထုတ်လုပ်မည် ဟုဖေါ် ပြ၏။

❍ **၂၀၀၅–ဩဂုတ်စ်**။ သံလွင်မြစ်နှင့် တနသ်ာရီမြစ်ပေါ် ရေကာတာ ၅ ခု တည်ဆောက်ရေးအတွက်ပူးပေါင်းဆောင်ရွက်ကြရန် ထိုင်းနိုင်ငံနှင့် ဗမာစစ်အစိုးရတို့ သဘောတူညီမှုရရှိခဲ့၏။ ၄င်းတို့မှာ မီဂါဝပ် ၇,၀၀၀ တာ့ဆန်းရေအားလျှပ်စစ် ရေကာတာ၊ မီဂါဝပ် ၆၀၀ ဟတ်ကြီး ရေကာတာ၊ မီဂါဝပ် ၅,၆၀၀ သံလွင်မြစ်အထက်ပိုင်း ရေကာတာ၊ မီဂါဝပ် ၉၀၀ သံလွင်ဝဲကြီး ရေကာတာနှင့် မီဂါဝပ် ၆၀၀ တနသ်ာရီ ရေကာတာ တို့ဖြစ်ကြ၏။ ဝန်ကြီးချုပ် ထတ်ဆင်ချင်းနဝပ် ကပါဝင်ရင်းနှီးမြှုပ်နှံရန် တရုတ်ပြည်မှဖိတ်ခေါ် ကောင်းဖိတ်ခေါ် မည်ဖြစ် ကြောင်း၊ ဗမာစစ်အစိုးရချည်း ရင်းနှီးမြှုပ်နှံရန် အခြေအနေမရှိသော ကြောင့်ဖြစ်ကြောင်း ထုတ်ဖေါ် ပြောဆိုခဲ့သည်။

❍ **၂၀၀၆ မေ**။ သံလွင်မြစ်နှင့် တနသ်ာရီမြစ်ပေါ် ရေကာတာ တည်ဆောက်မည့်နေရာ အတိအကျ အပါအဝင် ရေကာတာတခုစီ နှင့်ကိုက်ညီသည့် လျှပ်စစ်ဓါတ်ထုတ်လုပ်မှု ဆိုင်ရာ အသေးစိတ်အချက် အလက်များအပေါ် ထိုင်းနိုင်ငံနှင့်ဗမာစစ်အစိုးရတို့ ပူးပေါင်းသုတေ သနပြုလုပ်ကြရန် သဘောတူညီခဲ့ကြ၏။ သံလွင်ရေကာတာစီမံကိန်းကို အချိန် ၇–၈ နှစ်ကြာ တည်ဆောက်ရမည် ဟုဆို၏။

❍ **၂၀၀၅ စက်တင်ဘာ ၂၂** ။ မြန်မာနိုင်ငံမှ မီဂါဝပ် ၇,၀၀၀၊ လောဝ်မှ မီဂါဝပ် ၃,၀၀၀ ၊ ကမ်ပူးချားမှမီဂါဝပ် ၂၀၀၊ ရေအားလျှပ် စစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် တရုတ်ကုမ္ပဏီ Sino Hydro Corporation Co.Ltd/ ထိုင်းကုမ္ပဏီ PTT (Public) Co.Ltd တို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ကြ၏။

❍ **၂၀၀၅ နိုဝင်ဘာ** ။ သံလွင်မြစ်ဝှမ်းတလျှောက် မှီတင်း နေထိုင်ကြသော ကရင်ပြည်မှ ကျေးလက်ပြည်သူများနှင့် ထိုင်းနယ်စပ်

တလျှောက်ရှိရွာသားပေါင်း ၁၅,၀၀၀ ခန့်လက်မှတ်ထိုးပြီး သံလွင်ရေကာတာစီမံကိန်းကို ဆန့်ကျင်ကြောင်း၊ နိုင်ငံတကာ မိသားစုနှင့် ထိုင်းအခြေစိုက် NGO အဖွဲ့များအနေနှင့် မိမိတို့၏ဆန္ဒကို ထောက်ခံစေလိုကြောင်း တောင်းဆိုခဲ့ကြ၏။

❍ **၂၀၀၅ ဒီဇင်ဘာ** ။ သံလွင်ရေကာတာ (၄)ခုနှင့် တနင်္သာရီ ရေကာတ (၁)ခု ရေအားလျှပ်စစ်စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ကြရန် ထိုင်း EGAT နှင့် နအဖ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ကြ၏။ ၁,၂၀၀ မီဂါဝပ် ရှိ ဟတ်ကြီး ရေကာတာကို ဦးစွာစတင်ရန် သဘောတူညီခဲ့ကြပြီး အာရှဒေသ လျှပ်စစ်စွမ်းအားကွန်ယက်စီမံ ကိန်းကိစ္စကိုပါ ဆွေးနွေးခဲ့ကြ၏။ တချိန်တည်းမှာပင် သံလွင်မြစ်စောင့်ကြည့်ရေးအဖွဲ့နှင့် ရေကာတာ စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့် အဖွဲ့အစည်းများစုပေါင်း၍ အဆိုပါ သဘောတူညီချက်ကိုဆန့်ကျင်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့ကြ၏။ ထင်သာမြင်သာမရှိသည့် လုပ်ဆောင်ချက်များအပေါ် စိုးရိမ်ကြောင်း၊ အခြေခံဥပဒေနှင့်လည်း အံဝင်ဂွင်ကျမှုမရှိကြောင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ဖွင့်ချပြီး နယ်စပ်တလျှောက် ဒေသခံ လူထုအပေါ် ဆိုးကျိုးမသက်ရောက်စေရန် တောင်းဆိုကြောင်း ထောက်ပြခဲ့ကြ၏။

❍ **၂၀၀၆ မတ်လ** ။ ထိုင်းအထက်လွှတ်တော်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များအား သံလွင်ရေကာတာ စီမံကိန်းဆိုင်ရာအချက်အလက်များ ထုတ်ဖော်ရှင်းလင်းရန် EGAT မှငြင်းကွယ်ခဲ့၏။ ဗမာအစိုးရ၏သဘောတူညီချက်ရရှိမှသာ ပြုလုပ်နိုင်မည်ဟု အကြောင်းပြခဲ့၏။ ကရင်နီဖွံ့ဖြိုးရေးသုတေသနအဖွဲ့ကလည်း သံလွင်မြစ်အထက်ပိုင်း ရေကာတာစီမံကိန်းကြောင့်ဒေသခံပြည်သူအနည်းဆုံး ၃၀,၀၀၀ ခန့်အပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ လက်ရှိလူဦးရေ ၁၀၀၀ ခန့်သာကျန်တော့သည့် ယင်းတလဲလူမျိုးများ မိမိတို့ဘိုးဘွားပိုင်မြေမှ ထာဝရစွန့်ခွာရွှေ့ပြောင်းရမည်ဖြစ်ပြီး လူမျိုးတုံးသွားနိုင်ကြောင်း၊ ထို့ကြောင့် သံလွင်ရေကာတာစီမံကိန်း ရပ်တန်းကရပ်ရန်တောင်းဆိုကြောင်း၊ အဆိုပါစီမံကိန်းမှာ စစ်အစိုးရ အာဏာသက်ဆိုးရှည်စေရန်နှင့် ပြည်သူလူထုအပေါ် လူ့အခွင့်အရေး ပိုမိုချိုးဖေါက်လာစေရန် ပံ့ပိုးပေးသကဲ့သို့ဖြစ်နေကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။




"EGAT သည် လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု လုံခြုံရေးအတွက် စွမ်းအားမြှင့်လုပ်ဆောင်ရာတွင် ထိုင်းလူထုအားလုံး၏ ပိုကောင်းသော ဘဝရည်ရွယ်ချက်နှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့် ရှောက်ရန်ကိုပါ အခိုင်အမာသံဓိဋ္ဌာန်ချထားပါသည်။"

❍ **၂၀၀၆ ဧပြီ** ။ ရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ်သန်းပေါင်း ၂၄ သိန်းဖြင့် ၁၅ နှစ်ခန့်အချိန်ယူတည်ဆောက်မည့် ၇,၁၁၀ မီဂါဝပ် ထုတ်လုပ်နိုင်သော သျှမ်းပြည်တောင်ပိုင်း တာ့ဆန်းရေကာတာ တည်ဆောက်ရေး စီမံကိန်းအတွက် ပူးပေါင်းလုပ်ဆောင်ရန် ထိုင်း ပုဂ္ဂလိက ကုမ္ပဏီ MDX က ဗမာစစ်အစိုးရနှင့် သဘောတူစာချုပ် ရေးထိုးခဲ့၏။ ထိုင်းနိုင်ငံအစုရှယ်ယာဈေးကွက်၌ ရှယ်ယာများ ဝယ်ယူပါဝင်ကြရန် EGAT၏လှုံ့ဆော်မှုဆိုင်းငံ့ထားရန် ထိုင်းအုပ်ချုပ်ရေးတရားရုံးက ဆုံးဖြတ်သော်လည်းထိုင်းစွမ်းအင်ဝန်ကြီးဌာနက သံလွင်ရေကာတာ တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှု ဆက်လက်အကောင်အထည် ဖေါ်ရန် ထုတ်ဖေါ်ကြေငြာခဲ့ပြီး EGAT ကိုယ်စား ကုမ္ပဏီခွဲထူထောင်ပါဝင် ဆောင်ရွက်နိုင်ကြောင်း ထွက်ပေါက်တင်ပြခဲ့၏။

❍ **၂၀၀၆ မေ**။ ဟတ်ကြီးရေကာတာစီမံကိန်း နေရာလေ့လာ စစ်ဆေးစဉ် မြေမြှုပ်မိုင်းနင်းမိ၍ EGAT အရာရှိတဦး ဒဏ်ရာပြင်းစွာရပြီးနောက်ပိုင်းတွင် သေဆုံးခဲ့သဖြင့် စစ်ဆေးမှု အပြီးတိုင်ရပ်သိမ်းခဲ့၏။ ၂၀၀၇ နှစ်အတွင်းတဖန်ပြန်စဦးမည် ဟုခန့်မှန်းရ၏။

❍ **၂၀၀၆ ဇွန်** ။ ဟတ်ကြီးရေကာတာ တည်ဆောက်မှု၌ ပါဝင်ရင်းနှီးမြှုပ်နှံရန် EGAT က တရုတ်ကုမ္ပဏီ Sino Hydro Corporation Co.Ltd / ဗမာစစ်အစိုးရတို့ ၄၅%- ၄၀% - ၁၅% အချိုးအတိုင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့၏။ ဘတ်သန်းပေါင်း ၄၄,၁၀၀ ရင်းနှီးမြှုပ်နှံမည်။ လျှပ်စစ်စွမ်းအား မီဂါဝပ် ၁,၀၀၀ ထုတ်လုပ်နိုင်မည်။ လျှပ်စစ်ဓါတ်အားအရင်း တနာရီ တကီလိုဝပ်နှုန်း ၁.၄၀ ဘတ်နှင့် ၁.၆၀ ဘတ် အကြားကျသင့်မည်။ ရင်းနှီးမြှုပ်နှံမှု မှ ၁၉% အမြတ်အစွန်းရှိမည်။ တရုတ်ပြည်မှ အတိုးနည်းပါးသော ချေးငွေကို အသုံးပြုမည်။ လက်ရှိထိုင်းနိုင်ငံ၏ လျှပ်စစ်ဓါတ်အားခ အထူးသက်သာစေမည် ဟုဆိုသည်။




"EGAT သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာတာဝန်ယူမှု၌ အပြည့်အဝ သံဓိဋ္ဌာန်ချထားခြင်းကို အလေးထား ဂရုမူသော အဖွဲ့အစည်းဖြစ်သည်။ "

❍ **၂၀၀၆ ဇူလိုင်** ။ သံလွင်မြစ် စောင့်ကြည့်ရေးအဖွဲ့ Salween Watch က သံလွင်မြစ်ပေါ်ရေကာတာ အကြီးစားတည်ဆောက်မှုစီမံကိန်း ရပ်ဆိုင်းရန်တောင်းဆိုကြောင်း ကြေငြာချက် ထုတ်ခဲ့၏။ အကြောင်းမှာ တိုင်းရင်းသားပြည်သူများ အပေါ် ဆက်လက်ဖိနှိပ်ကျွန်ပြုရန် အာဏာရှင် ဗမာစစ်အစိုးရအား ပံ့ပိုးပေးရာရောက်ကြောင်း၊ ထို့အပြင် ၄င်းစီမံကိန်းများသည် ထင်သာမြင်သာဖြစ်မှုမရှိပဲ ပြည်သူလူထု၏ဆန္ဒကို လစ်လျူရှုထားကြောင်း ထောက်ပြခဲ့၏။




ထိုင်း–ကရင်နယ်စပ်သံလွင်မြစ်ကမ်းမှ ဒုက္ခသည်အချို့

❍ ၂၀၀၆ စက်တင်ဘာ ၁၅ ။ တာ့ဆန်း သံလွင်ရေကာတာမှာ အမြင့် ၂၂၈ မီတာ ရှိမည်ဖြစ်ပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၁၀ နှစ်မှစ၍ ရေကာတာ တည်ဆောက်မည့် နယ်မြေအတွင်း ဗမာစစ်တပ်မှ စစ်အင်အား သုံးဆဖြည့်တင်း တပ်စိုက်လာပြီး ဒေသခံပြည်သူ ၆၀,၀၀၀ ကျော် အဓမ္မနေရာရွှေ့ပြောင်း ခံခဲ့ရကြောင်း၊ ကျန်ရှိသည့်ကျေးလက်လူထုကလည်း ဗမာစစ်တပ်၏ အဓမ္မလုပ်အားခိုင်းစေမှု၊ မုဒိမ်းကျင့်စော်ကား ရိုက်နှက်သတ်ဖြတ်မှုကို နေ့တရက် ခံနေရသဖြင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း သျှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့က အစီရင်ခံစာ တစောင်ထုတ်ဝေဖြန့်ချိခဲ့၏။




“ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်နှင့်၎င်း၊ လူ့အဖွဲ့အစည်းနှင့်၎င်း၊ သဟဇာတဖြစ်သည့်နည်းနှင့် တတ်နိုင်သည့်ဈေးနှုန်း၊ အားထားနိုင်သည့်စွမ်းအင်ထုတ်လုပ်မှုတို့ဖြင့် လူ့ဘဝအရည်အသွေးတိုးတက်စေရန် စွမ်းဆောင်ဖန်တီးရေးဖြစ်သည်။”

❍ ၂၀၀၆ အောက်တိုဘာ ၉ ။ ၁၃.၁၁.၀၆ နေ့ထုတ် Asia Time Online ၏ အင်တာဗျူး၌ ထိုင်းစွမ်းအင်ဝန်ကြီးသစ် ပိယဆဝပ် အမရနန္ဒ က ဗမာစစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည့် စွမ်းအင်ဝန်ကြီးဌါန၏ သံလွင်ရေကာတာ စီမံကိန်းကို ယာယီရွှေ့ဆိုင်းထားပြီး လောဝ် နိုင်ငံနှင့် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာပူးပေါင်းမှုကို ဦးစားပေးမည် ဟုထုတ်ဖေါ်ခဲ့သည်။

❍ ၂၀၀၆ နိုဝင်ဘာ ။ ချူးလားလောင်းကွမ်း တက္ကသိုလ်၏ ပတ်ဝန်းကျင်လေ့လာမှုသုတေသန အင်စတီကျူအား ၁၅ လတာသဘာဝပတ်ဝန်းကျင် ထိခိုက်မှုဖြစ်စဉ် EIA အတွက် သုတေသနလုပ်ရန် EGAT က ငှါးရမ်းကြောင်း လက်မှတ်ထိုးခဲ့၏။

❍ ၂၀၀၆ နိုဝင်ဘာ ၁၇ ။ စတင်ရင်းနှီးငွေ ဘတ်သန်း ၅၀ ဖြင့် EGAT အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ထူထောင်ရန် EGAT အုပ်ချုပ်မှုကော်မတီမှ ခွင့်ပြုခဲ့၏။ အဆိုပါကုမ္ပဏီက နိုင်ငံခြားတိုင်းပြည်များ၌ လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးနှင့် သွယ်တန်းပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများတွင် EGAT ကိုယ်စား ပါဝင်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။ အဓိကကျသော စီမံကိန်းများမှာ–

၁။ ဘတ်သန်းပေါင်း ၂,၈၄၀ တန် လောဝ်နိုင်ငံမှ ထိုင်းနယ်စပ်အထိ သွယ်တန်းသည့် ဓါတ်အားပို့ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း၊

၂။ မြန်မာနိုင်ငံမှ ဘတ်သန်းပေါင်း ၄၄,၀၀၀ တန် ဟတ်ကြီး ရေအားလျှပ်စစ် ရေကာတာစီမံကိန်း၊

၃။ သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံဒေသ ကျောက်မီးသွေး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း၊

၄။ လောဝ်နိုင်ငံမှ နမ့်ငိုပ် ၁ ရေအားလျှပ်စစ်စီမံကိန်း– စသည်တို့ဖြစ်၏။ သို့ဖြစ်၍ EGAT အနေနှင့်မြန်မာပြည်ရေအားလျှပ်စစ်ရေကာတာ စီမံကိန်းတွင်ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခွင့်ရှိကြောင်း ပြဆိုနေခြင်းဖြစ်သည်။

ဘဝနှင့်သဘာဝပြန်လည်ရှင်သန်ရေးဖေါင်ဒေးရှင်း၊
ထိုင်းနိုင်ငံ (4.4.2007)



တရုပ်ပြည် မြစ်တစင်းပေါ် ဆောက်လုပ်ထားသော ရေကာတာကြီးတခု

❍ ၂၀၀၇ ဧပြီ ၅ ။လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်း ကျင်စောင့်ရှောက်လုပ် ရှားသူများသာမက တိုင်းရင်းသားပြည်သူများက ကန့်ကွက်မှုများပြု လုပ်သည့်ကြားမှ ထိုင်းနှင့် နအဖ တို့သည် သံလွင်မြစ်ဖြတ်ဆည် တည်ဆောက်ရေးကို စတင်လုပ်ဆောင်လိုက်ကြောင်းသိရသည်။ AFP / VOB

❍ ၂၀၀၇ ဧပြီ ၆ ။တာဆန်းရေအားလျှပ်စစ်စီမံကိန်းကို နအဖအစိုးရ နှင့် ထိုင်း MDX ကုမ္ပဏီတို့က စတင်လိုက်သော်လည်း ရေကာတာတည်ဆောက်မှုရပ်တန့်ရေး ကန့်ကွက်လုပ်ရှားမှုများကို နောက်မဆုတ်ဘဲ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု သျှမ်း သဘာဝပတ်ဝန်းကျင်အဖွဲ့ Shan Sapawa က ပြောသည်။ NEJ

○ ၂၀၀၇ ဧပြီ ၁၃ ။ တာဆန်းရေအားလျှပ်စစ်စက်ရုံဆောက်ရန် သံလွင်မြစ်ပေါ်တွင် ရေကာတာဆောက်ခြင်းသည် ရှားသူရှားသားသောင်းချီ၍ အိုးအိမ်မဲ့ပြေးရပြီး ယွဲ့ယွဲ့မျှသာရှိသော လူမှုစီးပွားရေးစနစ်ငယ်လေးတခု ပျက်သုဉ်းနိုင်သည်ဟု သဘာဝတောတောင်နှင့် တောရိုင်းတိရိစ္ဆာန် ရံပုံငွေအဖွဲ့ WWF မှဆိုသည်။ *BKK/ VOB*

○ ၂၀၀၇ ဧပြီ ၁၉ ။သျှမ်းပြည်နယ်နမ့်ခမ်းမြို့နယ်အတွင်း နောက်ထပ် ၄၆၀ မီဂါဝပ်နှင့် ၃၆၀ မီဂါဝပ် ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စက်ရုံ ၂ ခုကို တည်ဆောက်ပြီး ထွက်ရှိသည့် လျှပ်စစ်ဓါတ်အားကို မန္တလေးသို့ပို့မည်ဟုဆိုသည်။ *DPA/ VOB*

○၂၀၀၇ ဧပြီ ၂၀။ ၆၀၀ မီဂါဝပ်ရှိ ရွှေလီမြစ်ရေအားသုံးလျှပ်စစ်ဓါတ်အားပေးစက်ဆောက်လုပ်ရေးသည် တဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာ့အလင်းမှဆိုသည်။ *RGN/ VOB*

○ ၂၀၀၇ မေ ၃ ။ မြန်မာနိုင်ငံကိုဖြတ်ကာ တရုတ်နိုင်ငံယူနန်ပြည်နယ်အထိ သွယ်တန်းမည့်ရေနံပိုက်လိုင်းတည်ဆောက်ရေး လုပ်ငန်းအား ယခုနှစ်အတွင်း စတင်နိုင်ဖွယ်ရှိကြောင်း တရုတ်ပြည်သူ့နေ့စဉ်အွန်လိုင်းသတင်း တပုဒ်တွင်ဖေါ် ပြခဲ့သည်။ *The Myanmar Times*

○ ၂၀၀၇ မေ၃ ။ ပြေိလအစောပိုင်းက တရုတ်နိုင်ငံ၏ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က စစ်တွေရှိ ရေနက်ဆိပ်ကမ်းမှ ယူနန်ပြည်နယ်မြို့တော်ကူမင်းအထိ ဆက်သွယ်မည့် တရုတ်–မြန်မာ ရေနံပိုက်လိုင်းတည်ဆောက်ခြင်းအား သဘောတူခွင့်ပြုလိုက်ကြောင်း တရုတ်ရေနံကုမ္ပဏီကြီး Sinopec ၏ကြေငြာချက်ကို ၎င်းသတင်း၌ဖေါ် ပြခဲ့သည်။ *The Myanmar Times 27-04*




## ထိုင်းနိုင်ငံအခြေခံဥပဒေသစ် ရေးဆွဲမှု
## (နအဖ ညောင်နှစ်ပင်ညီလာခံ၏ အခြေခံဥပဒေ အချိန်ဇယားနှင့်နှိုင်းယှဉ်ကြည့်နိုင်)



**8/1/07** အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလွှတ်တော် (CDA) ပထမဦးဆုံးအစည်းအဝေးကျင်းပ၊

→ ရက်ပေါင်း ၁၈၀ အတွင်း →

**9/6/07** ပထမမူကြမ်းအပြီး ရေးဆွဲရန်လိုအပ် ၊

→ ရက်ပေါင်း ၃၀ အတွင်း

→ အမျိုးသား ပြည်သူ့ဆန္ဒခံယူပွဲသို့အဆိုပါမူကြမ်း ဖြန့်ဝေချပြ

- ❑ ရက်ပေါင်း ၁၈၀ အတွင်း မူကြမ်းမပြီးစီးပါက ...
- ❑ မူကြမ်းအပေါ် CDA က သဘောတူလက်ခံမှုမရှိပါက ...

→ ပြည်သူအများစု၏ဆန္ဒဖြင့် အတည်ပြု၊ အမျိုးသား ဥပဒေပြုလွှတ်တော် (NLA) က ၎င်းမူကြမ်းကို ဘုရင်မင်းမြတ်မှ အတည်ပြု ပေးရန် တင်သွင်းဆက်သ။

- ❑ လူထုဆန္ဒအများစုက ဥပဒေမူကြမ်းကို ကန့်ကွက်မဲပေးကြပါက ...

→ အမျိုးသားလုံခြုံရေးကောင်စီ (CNS) နှင့် အစိုးရအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးကြခြင်းဖြင့်ဘုရင်မင်းမြတ်အတည်ပြုပေးရန် မဆက်သမီ၊ ယခင် အခြေခံဥပဒေဟောင်း ၁၇ ခုထဲမှ၊ ရက်ပေါင်း ၃၀ အတွင်း ပြန်လည် ပြင်ဆင်ထုတ်နှုတ်နိုင်မည့် တခုခုကို ရွေးခြယ်။

↓

→ ရက်ပေါင်း ၉၀ အတွင်း ဥပဒေ လုပ်ထုံးလုပ်နည်း၏ မူကြမ်းရေးဆွဲရေး ဖြစ်စဉ်အတိုင်း၊

→ ရွေးကောက်ပွဲကျင်းပ၊

# ဗိုလ်ချုပ်ကြီးဆူရယုဒ် ကျူလားနွန်း၏ အဆိုအမိန့်

### (၁) အာဏာသိမ်းမှုနှင့်ပတ်သက်၍ ..

ကျနော်တို့ရဲ့ ဒီမိုကရေစီဟာ နှစ်ပေါင်းများစွာ ခရောင်းတောလမ်းမှာ ခရီးကြမ်းနှင်လာခဲ့ရတယ်။ နိုင်ငံရေးပဋိပက္ခတွေပေါ်လာတာနဲ့ စစ်တပ်က အာဏာဝင်သိမ်းရော။

အာဏာမသိမ်းခင်မှာ သိမ်းလိုက်ရင် ဘာတွေရမလဲဆိုတာ မေးခွန်းထုတ်ရမယ်။ အဖြေကတော့ ဘာမှမရဘူး။ တိုင်းပြည်တိုးတက်အောင်ဘာမှလုပ်မပေးနိုင်တဲ့အပြင် ထင်မြင်ယူဆချက်တွေကွဲပြားခြားနားစေခဲ့တယ်။ ကျနော်တို့မှာသင်္ခန်းစာတွေအများကြီးရှိခဲ့ပြီ။ ဒီနည်းလမ်းလုပ်ဟန်တွေဟာ ဒီမိုကရေစီဘောင်ရဲ့ပြင်ပလုပ်ဟန်တွေဖြစ်တယ်။ နိုင်ငံကိုစီမံခန့်ခွဲတဲ့ ဘယ်လိုအုပ်ချုပ်သူတွေလိုချင်တယ်ဆိုတာ ပြည်သူတွေဘာသာရွေးချယ်ဖို့ ခွင့်ပြုပေးသင့်တယ်။ စစ်တပ်က ဘာညာသွားလုပ်ဖို့မလိုအပ်ဘူး။ ( စာ ၁၄၄–၁၄၅)

အာဏာသိမ်းမှု တော်လှန်ပုန်ကန်မှုဟာ မှန်ကန်သင့်မြတ်တဲ့ ပြဿနာဖြေရှင်းမှုမျိုးမဟုတ်ဘူး။ အာဏာသိမ်းလိုက်လည်း ပြဿနာမဖြေရှင်းနိုင်ဘူး။ အကြမ်းဖက်မှုဖြစ်ပေါ်စေတာ၊ နှစ်နာဆုံးရှုံးစေတာ တိုင်းပြည်ခေတ် နောက်ပြန်ဆွဲစေတာတင်မက နိုင်ငံကိုလည်း မအုပ်ချုပ်တတ်ဘူး။ ဒါပေမဲ့ အာဏာကိုလက်မလွှတ်ချင်ကြတာခက်တယ်။ ဒါကြောင့် စစ်တပ်ဟာ နိုင်ငံရေးနဲ့သွားမရှုပ်သင့်ဘူး။ ( စာ ၁၃၆)



Photo: Website

ဝန်ကြီးချုပ် ဆူရယုဒ် ကျူလားနွန်း

### (၂) အခြေခံဥပဒေနှင့်စပ်လျဉ်း၍ ..

နိုင်ငံရေးနဲ့စစ်တပ်ဟာ အမြဲတမ်းဘဲဆက်နွယ်လာတယ်။ ဒါကြောင့် ဒီသံသရာကနေကျော်လွှန်လို့မရဘူးလို့ကျနော်ယူဆတယ်။ ဘယ်သူက ဘာတာဝန်ရှိတယ်ဆိုတာကို အတိအလင်းဖော်ပြထားတဲ့ (တိုင်းပြည်ရဲ့အမြင့်ဆုံးဥပဒေဖြစ်တဲ့) ဖွဲ့စည်းပုံအခြေခံ ဥပဒေ အတိုင်း ကျနော်တို့ လိုက်နာကျင့်သုံးမှုမရှိရင် နိုင်ငံတိုးတက်ဖွံ့ဖြိုးနိုင်မှာ မဟုတ်ဘူး။ ဒီကိစ္စကိုသက်ဆိုင်ရာအဓိကမဏ္ဍိုင်အဖွဲ့အစည်းတွေ ဖြေရှင်းနိုင်မှုမရှိတာတောင်၊ ဘယ်လိုဝင်ရောက် စွက်ဖက်မှုမျိုးမှ မလုပ်သင့်ဘူး။ (စာ– ၁၄၀ )

အခြေခံဥပဒေအတိုင်း လေးစားလိုက်နာကျင့်သုံးတာဟာ စည်းမျဉ်းစည်းကမ်းအဖြစ် စိုက်ထူလာတာဖြစ်လို့ လိုက်နာရမယ်။ စည်းကမ်းကိုရှောင်ကွင်း–စည်းမျဉ်းကို ဗရမ်းဗတာလုပ်ပြီး အခြေခံ ဥပဒေ ကို သွန်လိုသွန် မှောက်လိုမှောက် မလုပ်ကြပါနဲ့။ ကျနော်တို့မှာ သင်္ခန်းစာတွေအများကြီးရှိခဲ့ပြီးဖြစ်လို့ ဖြတ်လမ်းလိုက်ဖို့ မကြံစည်ကြနဲ့တော့။ နို့မို့ရင် ရှိရင်းစွဲသံသရာထဲမှာဘဲ ကျနော်တို့ဆက်ရှိနေဦးမှာဖြစ်တယ်။

### (၃) တပ်မတော်နှင့်ပတ်သက်၍ ..

တပ်မတော်ကို ကျနော်ပါဝင်ကြိုးပမ်းထူထောင်လာတာ၊ ရှေ့ဆက်တွေ့မြင်သွားချင်တာက စစ်တပ်လူများစုရဲ့ဆန္ဒကို အလေးထားနားထောင်တဲ့ ဒီမိုကရေစီဖြစ်ရေးနဲ့ ပြည်သူတွေရဲ့ထင်မြင်ချက် တုန့်ပြန်မှုကို ဂရုစိုက်နားထောင်တဲ့ ပြည်သူ့တပ်မတော်ဖြစ် ရေးတွေပါဘဲ။

တစ်ချိန်ထဲမှာဘဲ လူမှုရေးအဖွဲ့အစည်းတွေကလဲ တပ်မတော်ကို စောင့်ကြည့်ကူညီပေးရမယ်။ စစ်တပ်မဟုတ်တာလုပ်ရင်သတိပေး ထောက်ပြရမယ်။ တွေ့မြင်ရက်သားနဲ့ ဘာသိဘာသာမနေကြပါနဲ့။ စစ်တပ်ဟာ ပြည်သူလူထုကထူထောင်ပေးလိုက်တဲ့မဏ္ဍိုင်အဖွဲ့အစည်း တစ်ခုဖြစ်လို့ပါဘဲ။ နို့မို့ရင် စစ်တပ်ဟာ မဟုတ်မဟပ်လုပ်ရပ်လမ်းကြောင်းဆီနောက်ထပ်ဦးလှည့်သွားနိုင်လို့ပါဘဲ။ ပြည်သူလူထု ယုံကြည်ကိုးစားစိတ်ချမှုမရှိတော့ဘူးဆိုရင် ကျနော်တို့ စစ်တပ်ဘယ်ကိုမှ သွားလို့မရဘူးဆိုတဲ့ အတိတ်က သင်္ခန်းစာကို မမေ့ဖို့လိုတယ်။

### (၄)တပ်မတော်၏သံမဏိစည်းကမ်း ၁၀ ချက် ...

၁။ ပြည်သူလူထု၏အသျှင်သခင်မလုပ်ရ၊ ယဉ်ကျေး သိမ်မွေ့စွာဆက်ဆံ။

၂။ ရပ်ရွာလူထုအပေါ် နိုင်ထက်စီးနင်းမလုပ်ရ၊ စားချင် ယူချင်လျှင်ထိုက်တန်သည့်တန်ဖိုးအတိုင်း ငွေပေးချေ။

၃။ ရပ်ရွာလူထု၏ ဇနီးသားသမီးအပေါ် မှားယွင်းသော ပြုမူကျင့်ကြံမှုမလုပ်ရ။
၄။ တာဝန်ထမ်းရွက်နေစဉ် အရက်သေစာ လုံးဝမသောက်ရ။
၅။ အာဏာစွက်ဖက်မှု မလုပ်ရ၊ စည်းမျဉ်းဥပဒေ မဖေါက်ဖျက်ရ၊ လုပ်ပိုင်ခွင့်ထက်ကျော်လွန်ပြီး အာဏာအလွဲသုံးစားကျင့်ကြံပြုမူမှု မလုပ်ရ။
၆။ ပြည်သူလူထုအပေါ် ရိုင်းပြသောပြောဆိုမှု အထင်အမြင်သေးစော်ကားမှု မရှိစေရ။
၇။ ပြည်သူအပေါ် စေတနာထား ဦးစားပေးကူညီရေး အတွက် လျစ်လျူရှု ကျောခိုင်းမှု မရှိစေရ။
၈။ ဂုဏာဓမ္မ ကိုယ်ကျင့်တရား လျော့ပါးပစ်ပယ်မှု မရှိစေရ။
၉။ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာသာသနာကိုးကွယ်မှု နှင့် အများပြည်သူလေးစားယုံကြည်မှုအပေါ် မကျူးလွန်မဖောက်ဖျက်ရ။
၁၀။ လူမျိုးရေးနှင့်မျိုးရိုးစဉ်ဆက်ခွဲခြားဆက်ဆံမှုမလုပ်ရ။ လူသားအချင်းချင်း၏ ဂုဏ်သိက္ခာကို အလေးထားသတိရှိရမည်။

## (၅) ၁၉၉၂ မေလ အရေးအခင်း နှင့်စပ်လျဉ်း၍ ..

အဲဒီတုန်းက ကြည်းတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး အိဆရဖုန်းနွန်ဖတ်မီကို ဒီလိုကျနော့အမြင်ပြောပြခဲ့တယ်။ ကျနော်တို့ကျည်ဆံသုံးရင် ပြည်သူလူထုရဲ့ အသိအမှတ်ပြုမှု ဆိတ်သုဉ်းသွားပြီဆိုတာ ဝန်ခံလိုက်တဲ့အဓိပ္ပါယ်ဘဲ။ ကျည်ဆံသုံးဖို့ စိတ်ဆုံးဖြတ်ချက် ချတာနဲ့ သွားပြီ အရေးနိမ့်ပြီဆိုတဲ့ အဓိပ္ပါယ်ဘဲ။ လွန်ခဲ့တဲ့ ကာလ သမယထဲ ပြန်သွားရလို့ ကျနော့်ကိုဖြေ ရှင်းခွင့်ပေးရင်တော့ ပြဿနာကိုင်တွယ်ဘို့ ကျနော်စစ်တပ်အင်အား သုံးမှာမဟုတ်ဘူး။ နိုင်ငံရေးနည်းအတိုင်း စနစ်တကျကိုင်တွယ်ဖြေရှင်းဖို့ အနုနည်းနဲ့ အလျော့အတင်း အပေးအယူလုပ်စေမှာဖြစ်တယ်။ အကြောင်းကတော့ အချင်းချင်းကြား အတွင်းရေးကိစ္စနဲ့ တမျိုးသားထဲကပြဿနာဖြစ်နေလို့ပါဘဲ။ ( စာ– ၁၃၃–၁၃)

## (၆) ကွန်မြူနစ်နှင့်ပတ်သက်သော ပဓါန ပင်မကြောင်းကျိုးတရားနှင့် ဂယက်ရိုက်ခတ်မှု ..

အတိတ်က ဖြစ်ပွားခဲ့တဲ့ အမျိုးသားအချင်းချင်း ပဋိပက္ခယှဉ်ပြိုင်တိုက်ခိုက်မှုတွေဟာ မြို့ နေလူတန်းစားနဲ့ကျေးလက်လူတန်းစားတို့အကြား ကွဲပြားကွာဟမှုကနေ ပေါက်ဖွားလာတာဖြစ်လို့ အပြန်အလှန်နားလည်မှု လွဲမှားစေခဲ့တယ်။ အဲဒီအဖြစ်သနစ်တွေ လွန်မြောက်သွားပေမဲ့ သင်္ခန်းစာအဖြစ် ထားရစ်ဖို့ သမိုင်းကို လှန်လှော စစ်ကြောကြည့်သင့် တယ်။ ( စာ–၁၆၀)

ကျနော့်အတွက် တွေးတောမှုပေးဆက်ခဲ့တာက (အင်ဒိုချိုင်းနား ၃ နိုင်ငံ ကွန်မြူနစ်ဖြစ်သွားတဲ့ကိစ္စမျိုး) နိုင်ငံအတွင်း အကြီးအကျယ်ပြောင်းလဲလိုက်တဲ့ ကာလရောက်ခဲ့ရတာဟာ အရေးအခင်းထဲ တိုက်ရိုက်မပတ်သက်တဲ့လူတွေ ဆိုးကျိုးသက်ရောက်မှုခံခဲ့ရတယ်။ ကြီးမားတဲ့ ထုထည်နဲ့ အသွင်ပြောင်းစေခဲ့တယ်။ ဒါတွေဟာ ကျနော့်အတွက်အတွေ့အကြုံအတော်များများ ကျော်လွှားအမှတ်ရစေတဲ့ အရာဖြစ်တယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုဟာ ကောင်းမွန်တဲ့ ကိစ္စမဟုတ်ဘူးဆိုတဲ့ အတွေးကို ပေးကမ်းခဲ့တယ်။

## (၇) ဓမ္မသတ် တက္ကသိုလ် ရွှေ့ပြောင်းမှုနှင့် စပ်လျဉ်း၍ ..

“အဲဒီတုန်းက တက္ကသိုလ်ပရဝုဏ်အတွင်းသွားလမ်းလျှောက်တာကို ကျနော်နှစ်သက်ခဲ့တယ်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေ ဘယ်လိုပညာသင်ယူတယ်၊ ဘယ်လိုနေထိုင်ကြတယ် ဆိုတာ

หนังสือพิมพ์คุณภาพ เพื่อคุณภาพของประเทศ
http://www.matichon.co.th
มติชน

ကြည့်ချင်လို့ပါ။ ဓမ္မသတ်တက္ကသိုလ်ကျောင်းသူတွေကို သွားရိဘို့ ချိတ်ဘို့ ငမ်းဖို့မဟုတ်ပါဘူး။ ဒီလိုနဲ့နှောင်ကြိုးရှိလာတယ်။ ဓမ္မသတ်တက္ကသိုလ် ရွှေ့ပြောင်းပစ်မယ့် အယူအဆရှိလာတဲ့အပေါ် ကျနော်နှမြောတသဖြစ်မိတယ်။ သိပ်သဘောမရပါဘူး။ ဘာလို့လဲ ဆိုတော့ ဒီနေရာဟာသမိုင်းဝင်မြေနေရာဖြစ်လို့ပါဘဲ။ လှပခန့်ငြားတဲ့ အဆောက်အဦးတွေလည်း ချောက်ဖရားမြစ်နဲ့ ဒွန်တွဲပနံသင့်လာတာ ကြာလှပြီဖြစ်တယ်။(စာ ၁၅၆–၁၅၇)

**ဝါဆန နားနဝုမ်းရေးသားသော ဗိုလ်ချုပ်ကြီး ဆူရယုဒ် ကျုလားနွန်း၏ ခက်ထန်သောသံလမ်းကြောင်း (ကွန်မြူနစ်ရင်သွေးမှ ကြည်းတပ်ဦးစီးချုပ်သို့) စာအုပ် မတိချွန်းပုံနှိပ်တိုက် ၂၀၀၃။ ၃၊ ၁၁၊ ၀၆ နေ့ထုတ် မတိချွန်းနေ့စဉ်သတင်းစာပါဆောင်းပါးကို သျှမ်းသံတော်ဆင့် စိုင်းစိန်ကြည် ဘာသာပြန်သည်။ ❑**

## ကမ္ဘာ့အိမ်ထောင်ပစ္စည်းခွဲဝေမှု

“အရှင်းဆုံးဥပမာလေးတခုပေးရရင် ဒီကမ္ဘာကြီးမှာ  လူ ၁၀၁ ရှိ တယ်ဆိုပါတော့။ လူ ၁၀ ယောက်ထဲမှာရှိတဲ့ငွေ ၁၀၀ ကို လူတယောက်ထဲကဘဲ ၉၉ ဒေါ်လာပိုင်ဆိုင်တယ်။ ကျန်တဲ့လူ ၄ ယောက်က ကျန်တဲ့ ၁ ဒေါ်လာကို ဘယ်လိုခွဲဝေပေးကြရမှာလဲ ဆိုတဲ့ကိစ္စဖြစ်တယ်။”

*Anthony Shorrocks ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုးမှုသုတေသနဌာန ဒါရိုက်တာ ကမ္ဘာ့ကုလသမဂ္ဂ တက္ကသိုလ်။ 5.12.2006*

# အငြင်းပွါးမှုလျော့ပါးစေဖို့ ထိုင်းဘုရင့်ရုပ်တု ဒီဇိုင်းပြောင်း



မယ့်ဆိုင်–တာချီလိတ် အနောက်ဖက် ထိုင်းနယ်စပ် တောင်ကြောပေါ်မှာရှိတဲ့ မယ်ဆိုင်မြို့နယ် ပါယန်း ဖါတက်ရွာနားမှာတည်ထားဖို့ရည်ရွယ်တဲ့ ၁၅ ရာစုခေတ်ကထိုင်းဘုရင် နရေးဆွမ် မဟာရာဇာရဲ့ရုပ်တုကို ပုံစံဒီဇိုင်းပြောင်းလိုက်ခြင်းအားဖြင့် ဗမာနဲ့အငြင်းပွားတဲ့ကိစ္စပြေလျော့နိုင်တယ်လို့ထိုင်းဝန်ကြီးချုပ် အကြံပေးအရာရှိလည်းဖြစ်၊ ရုပ်တုတည်ဆောက်ရေးရဲ ပုံငွေအဖွဲ့ ဥက္ကဌ လည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဝတ္တနာချိုင်းကပြောပါတယ်။ ၂၀၀၁ ခုနှစ် ဗမာနဲ့ပြဿနာဖြစ်ခဲ့တုန်းက ဒီဒေသကိုတာဝန်ယူခဲ့တဲ့ ထိုင်းအမှတ် ၃ တပ်တပ်မတော်စစ်ဦးစီးချုပ်ဖြစ်ခဲ့ဖူးတဲ့ ၄င်းကပဲ ထိုင်းဘုရင်ရုပ်တု ထုလုပ်ဖို့စတင် ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။ ထိုင်းဘုရင်နရေးဆွမ် မဟာရာဇာဟာ ၁၅၉၂ ခုနှစ်မှာ ဗမာဘုရင်နဲ့ စစ်မက်ဖြစ်ပွားခဲ့ပြီး အယုဒ္ဓယနေပြည်တော်လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့အတွက် ထိုင်းစစ်တပ်က လေးစားကြည်ညိုမြတ်နိုးတဲ့ ဘုရင်တပါးဖြစ်ပါတယ်။

ရုပ်တုဆောက်လုပ်ဖို့ ရည်ရွယ်ထားတဲ့နေရာကလည်း ထိုင်းနဲ့ ဗမာသူပိုင်ကိုယ်ပိုင်လုနေတဲ့ နယ်စပ်အနီးက ထိုင်းသစ်တောဌာနပိုင်လွယ်ဖ့ါဟုန်ပုတ်တောင် နယ်မြေမှာဖြစ်ပါတယ်။ ၁၅၆၉ ခုနှစ်က ထိုင်းနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ခဲ့တဲ့ ဗမာဘုရင် ဘုရင့်နောင်ရုပ်တုတည်ထားတဲ့ တာချီလိတ်ဘက်ကို မျက်နှာမူမဲ့ရုပ်တုရဲ့ မူလဒီဇိုင်းက မြင်းစီးရင်း ဓါးကိုဝှေ့ရမ်းနေတဲ့ပုံဖြစ်ပါတယ်။

ထိုင်းအနုပညာဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ရုပ်တုဒီဇိုင်းနဲ့တည်ဆောက်မဲ့နေရာကြောင့် ဗမာနဲ့ အငြင်းပွားလာမှာကို စိုးရိမ်ကြပါတယ်။ ဗိုလ်ချုပ်ကြီးဝတ္တနာချိုင်းရဲ့သဘောတူညီမှုနဲ့ ရုပ်တုဒီဇိုင်းကို မိုးပေါ်မျက်နှာမော့ပြီး ထောင်ထားတဲ့လှံကို ဆုပ်ကိုင်ထားတဲ့ပုံနဲ့ အစားထိုးပြောင်းလဲမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးဝတ္တနာချိုင်းက အယုဒ္ဓယနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်မှုကိုကယ်တင်ခဲ့တဲ့ နရေးဆွမ်ဘုရင်ကို နယ်စပ်ထိုင်းလူထုက အလေးပြုဦးညွတ်နိုင်မှာဖြစ်တယ်။ အခုတည်ဆောက်မဲ့ ဘုရင့်ရုပ်တုနဲ့ အောင်မြေရွှေစေတီဟာ ကမ္ဘာလှည့်ခရီးသည်တွေကိုလည်း ဆွဲဆောင်နိုင်မှာဖြစ်ပါတယ် လို့ပြောဆိုခဲ့ပါတယ်။ ❏

**အနုချားဂျရင်းဖိုး ဘန်ကောက်ပို့စ်** (7/5/07)

## နျူးနေပြည်တော်-လက်သစ်နျူးကလီးယား နင်းဂျား






Photo : SHAN




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org